အစုကြီးကျေးရွာ

အစုကြီးကျောင်းစုကျေးရွာအုပ်စု၊ အိမ်မဲမြို့နယ်

# ကျေးရွာဖွံ့ဖြိုးရေးစီမံကိန်း စာတမ်း

# (ကျေးရွာ၏ လက်ရှိဖွံ့ဖြိုးရေးအခြေအနေနှင့် ဦးစားပေးဆောင်ရွက်မည့် ဖွံ့ဖြိုးရေးလုပ်ငန်းများ)

စီမံကိန်းပြုစုရေးသားသည့် အဖွဲ့

ကျေးရွာဖွံ့ဖြိုးရေးကော်မတီ၊ အစုကြီးကျေးရွာ

(ကျေးလက်ဒေသဖွံ့ဖြိုးတိုးတက်ရေးဦးစီးဌာန၊ အိမ်မဲမြို့နယ်၏

အကူအညီဖြင့်ရေးဆွဲပါသည်။)

ဧပြီလ၊ ၂၀၂၀

# မာတိကာ


၁။ အစုကြီးကျေးရွာ သယံဇာတပြမြေပုံ၊ မြောင်းမြမြို့နယ်

၂။ အစုကြီးကျေးရွာ ရာသီခွင်ပြ ပြက္ခဒိန်

၃။ တည်နေရာနှင့် ပထဝီအနေအထား

၄။ ရာသီဥတုနှင့် သဘာဝအရင်းအမြစ်များ

၅။ ဖွံ့ဖြိုးရေးဆိုင်ရာ စီမံခန့်ခွဲမှုအခြေအနေ

၆။ စီးပွားရေးနှင့် အသက်မွေးမှုအခြေအနေ

(က) သီးနှံစိုက်ပျိုးရေး

(ခ) မွေးမြူရေးလုပ်ငန်း

(ဂ) စိုက်ပျိုးရေး၊ မွေးမြူရေးမဟုတ်သော အခြားဝင်ငွေရလုပ်ငန်းများ

(ဃ) ဘဏ်နှင့် ငွေကြေးဆိုင်ရာဝန်ဆောင်မှု

၇။ အခြေခံအဆောက်အဦနှင့် ဝန်ဆောင်မှုများ

(က) ကျေးလက်သယ်ယူပို့ဆောင်ရေး

(ခ) ကျေးရွာမီးလင်းရေး

(ဂ) သတင်းနှင့် ဆက်သွယ်ရေး

၈။ ပညာရေး

၉။ ကျန်းမာရေး၊ ရေနှင့် ပတ်ဝန်းကျင်သန့်ရှင်းရေး

၁၀။ ဘေးအန္တရာယ်များနှင့် သဘာဝပတ်ဝန်းကျင်ထိန်းသိမ်းရေး

၁၁။ ကျား/မရေးရာ

၁၂။ ဦးစားပေးဆောင်ရွက်မည့် အဆိုပြုစီမံချက်များ

နောက်ဆက်တွဲများ

နောက်ဆက်တွဲ(၁) ကျေးရွာဖွံ့ဖြိုးရေးဗျူဟာတည်ဆောက်မှုအခြေပြဇယား

နောက်ဆက်တွဲ(၂) ကျေးရွာဖွံ့ဖြိုးတိုးတက်ရေးလုပ်ငန်းကော်မတီဝင်များစာရင်း

နောက်ဆက်တွဲ(၃) ကျေးရွာဖွံ့ဖြိုးရေးအထောက်အကူပြု(၄၈)ဇယားများ


အရကြီးကျေးရွာ သယံဇာတပြ မြေပုံ
မ
န
ဥ
တ
အညွှန်း
ရေမြောင်း
ချောင်း
တံတား
လယ်မြေ
ဥယျာဉ်
နေအိမ်
ရေစင်
ဘုရား
ရေကန်
သွားလမ်း
ရေမြောင်း
ဘုရား
ရေစင်
ရေကန်
အရကြီးကျေးရွာ → ကွန်ကရစ်လမ်း

ရေးဆွဲသူ - ဦးဝင်းထိန်

အကြီးဆုံး - ကျေးရွာဒုက္ခပြ ပြက္ခဒိန်

| စဉ် | အကြောင်းအရာ | တန်ခူး | ကဆုန် | နယုန် | ဝါဆို | ဝါခေါင် | တော်သလင်း | သီတင်းကျွတ် | တန်ဆောင်မုန်း | နတ်တော် | ပြာသို | တပို့တွဲ | တပေါင်း |
|---|---|---|---|---|---|---|---|---|---|---|---|---|---|
| ၁။ | ပွဲလမ်းသဘင်များ | သင်္ကြန်ပွဲ | ညောင်ရေသွန်းပွဲ | | | | | မီးထွန်းပွဲ | ကထိန်ပွဲ | | | ထမနဲပွဲ | ဘုရားပွဲ |
| ၂။ | မိုးစပါး | မျိုးကြဲ | - | | ကောက်စိုက် | | | ရိတ် | သိမ်း | | | | |
| ၃။ | ဆောင်းစပါး | ရိတ် | သိမ်း | | | | | | | မျိုးကြဲ | မျိုးကြဲ | | |
| ၄။ | ပဲအမျိုးမျိုး | | | | | | ပဲအမျိုး | မျိုးကြဲ | | | | ရိတ်သိမ်း | |
| ၅။ | ကျန်းမာရေး | | | | တုပ်ကွေး | | | | | | | | |
| ၆။ | အလုပ်အကိုင် | ဆောင်းကိုက် | | | ကျွဲကိုက် | | | | | | | | |
| ၇။ | ဝင်ငွေထွက်ငွေ | ဝင်ငွေ | | | ထွက်ငွေ ငွေချေး | | | ဝင်ငွေ | | ထွက်ငွေ | | ဝင်ငွေ | |
| ၈။ | ရာသီဥတု/ရေကြီးမှု | | | | ရေကြီးခြင်း | | | | ရာသီဖောက်ပြန် | | | | |
| ၉။ | သဘာဝဘေးအန္တရာယ် | | မုန်တိုင်း | | | | | | | | | | |
| ၁၀။ | ဝမ်းပျက်ဝမ်းလျှော | | | | | | | | | | | | |

# အစုကြီးကျေးရွာ စက်ဝိုင်းပုံ (Venn Diagram)



## ၁။ တည်နေရာနှင့် ပထဝီအခြေအနေ

အစုကြီးကျေးရွာသည် ဧရာဝတီတိုင်းဒေသကြီး၊ မြောင်းမြခရိုင်၊ အိမ်မဲမြို့နယ် အစုကြီးကျောင်းစုကျေးရွာအုပ်စု၏ရွာခွဲတစ်ခုဖြစ်ပြီး အစုကြီးကျေးရွာသည် ရွာအနောက်ဘက်တွင် တည်ရှိပါသည်။ ထိုကျေးရွာသည် မိုးဦးကာလ မိုးခေါင်သောကြောင့် စိုက်ပျိုးရေးလုပ်ငန်းအနည်းငယ်နောက်ကျပါသည်။ မြေဆီသြဇာများ အနည်းငယ်ဆုတ်ယုတ်မှုကို တွေ့ရပါသည်။

## ၂။ ရာသီဥတုနှင့် သဘာဝအရင်းအမြစ်များ

အစုကြီးကျေးရွာသည် နှစ်စဉ်မိုးရေချိန် (၇၃) လက်မခန့်ရှိပါသည်။ မိုးစပါးစိုက်ပျိုးနိုင်သော လယ် (၂၅၅) ဧက၊ ဆောင်းစပါးစိုက်ပျိုးနိုင်သော လယ် (၁၄၂) ဧက၊ ပဲမျိုးစုံစိုက်ပျိုးနိုင်သော ဧက (၁၁၃) ဧက ထွက်ရှိပါသည်။ နွေစပါးစိုက်ပျိုးရာတွင် ချောင်းရေအသင့်တင့်ရှိသဖြင့် ရေကိုစက်ဖြင့်စုပ်တင်၍ နွေစပါးကိုစိုက်ပျိုးကြပါသည်။ ပဲမျိုးစုံကိုလည်း သီတင်းကျွတ်၊ တန်ဆောင်မုန်းလများတွင် မိမိတို့လယ်မြေများကို အစိုဓါတ်ချိန်ဆ၍ ကြဲပက်ကြပါသည်။

## ၃။ ကျေးရွာရှိ ကဏ္ဍအသီးသီး၏ လက်ရှိဖွံ့ဖြိုးမှုအခြေအနေ

### (က) ဖွံ့ဖြိုးရေးဆိုင်ရာ စီမံခန့်ခွဲမှုစနစ်

အများနှင့်သက်ဆိုင်သော သာရေး၊ နာရေးအဖွဲ့များသည် ဗုဒ္ဓဘာသာဝင်တို့ ထုံးစံအတိုင်း ဝိုင်းဝန်းကူညီလုပ်ဆောင်လိုစိတ်ကို အမြဲတမ်းမြင်တွေ့ကြားသိနေရပါသည်။ ကျေးရွာအလှူပွဲများတွင် ကဏ္ဍအလိုက်မဲစနစ်ဖြင့် လုပ်ငန်းတာဝန်များခွဲယူပြီး တာဝန်ပေးအပ်လိုက်သော အလုပ်ကို နေ့၊ ညမရှောင် လုပ်အားပေးမှုကို အခြားကျေးရွာများမှပင် ချီးကျူးဂုဏ်ပြုခံ ရသောရွာလေးတစ်ရွာဖြစ်ပါသည်။ ကျန်းမာရေးမကောင်းသူများကို ဆေးဖိုးဝါးခများကိုလည်း ထိုအဖွဲ့မှဝိုင်းဝန်းစုဆောင်းငွေနှင့် ထိုက်သင့်သလို ပေးလှူတတ်ပါသည်။

### (ခ) စီးပွားရေးနှင့် အသက်မွေးမှုအခြေအနေ

ကျေးရွာ၏အဓိကဝင်ငွေလုပ်ငန်းမှာ စိုက်ပျိုးရေးလုပ်ငန်းဖြစ်ပါသည်။ မိုးရာသီတွင် နှစ်စဉ်မိုးစပါးစိုက်ပျိုးကြပါသည်။ လယ်ယာလုပ်ငန်းအတွက် အလုပ်သမားရှားပါးမှုရှိ၍ နှောင့် နှေးကြန့်ကြာမှုအနည်းငယ်ရှိပါသည်။ မိုးမြေပဲကိုလည်း ဧကအနည်းငယ် စိုက်ပျိုးကြပါသည်။ နွေစပါးကို နှစ်စဉ်ဒီဇင်ဘာလတွင် အပြီးကြဲပက်ကြပြီး ဧပြီလတွင် ရိတ်သိမ်းရောင်းချ၍ ငွေကြေးပြေလည်သောလ ဖြစ်ပါသည်။

### (ဂ) အခြေခံအဆောက်အဦနှင့် ဝန်ဆောင်မှုများ

ကျေးရွာတွင် ကျေးရွာသားများအားလုံးသည် သန့်ရှင်းသောသောက်သုံးရေ သုံးစွဲနိုင်ရန် အဝီစိစက်တပ်ရေတွင်း ကွန်ကရစ်ရေကန်ကို ကျေးလက်ဒေသဖွံ့ဖြိုးတိုးတက်ရေး

ဦးစီးဌာနမှ ဆောက်လုပ်ပေးထားပါသည်။ ကျေးရွာတွင် အိမ်ထောင်စု (၃၀%) ခန့်သည် လည်း ချောင်းရေ ကိုတိမ်ပြီး သုံးစွဲကြပါသည်။

ကျေးရွာတွင် မူလတန်းကျောင်းမရှိပါ။ (၂) ဖာလုံခန့်ဝေးသော ကျောင်းစုကျေးရွာခွဲ မူလတန်းကျောင်းသို့ သွားရောက်ပညာသင်ကြားကြပါသည်။ ကျန်းမာရေးစောင့်ရှောက်မှု အတွက် (၆) မိုင်ခန့် ကွာဝေးသော ရွာသစ်တိုက်နယ်ဆေးရုံအား မှီခိုအားထားရပါသည်။

ကျေးရွာတွင် မီးလင်းနိုင်ရန်အတွက် ဘက်ထရီနှင့် ဆိုလာပြားကို ကိုယ်ထူကိုယ်ထ ဖြင့် ဝယ်ယူသုံးစွဲနေရပါသည်။

**(ဃ) ဘဏ်နှင့်ငွေကြေးဝန်ဆောင်မှု**

ငွေကြေးဝန်ဆောင်မှုအနေဖြင့် တောင်သူလယ်သမားများအတွက် လိုအပ်သော ချေးငွေကို မိုးစပါး၊ နွေစပါးစိုက်ပျိုးနိုင်ရန် မြန်မာ့လယ်ယာဖွံ့ဖြိုးရေးဘဏ်မှ (၁) ဧကလျှင် (၁၅၀၀၀၀/-) ကျပ်နှုန်းဖြင့် ထုတ်ချေးပါသည်။

အခြားအသေးစားချေးငွေဝန်ဆောင်မှုများလည်း ရရှိပါသည်။ ငွေချေးလုပ်ငန်းများမှာ ဝေါ်ဗီးရှင်း၊ ပက်မြန်မာ၊ စထာပါနာ တို့မှလည်း တောင်သူလယ်သမားများသာမက တစ်နိုင်တစ်ပိုင်မွေးမြူရေး၊ ရောင်းဝယ်ရေးအတွက် ငွေချေးဝန်ဆောင်မှုများဖြင့် သုံးစွဲနေရပါသည်။

**(င) ပညာရေး**

ကျေးရွာရှိ ပညာရေးအဆင့်အတန်းသည် အသင့်အတင့်သာရှိကြောင်း တွေ့ရှိရပါသည်။ ရွာသားအများစုသည် အခြေခံပညာရေး စာရေးစာဖတ်တတ်ရုံသာ တတ်မြောက်ကြပြီး အချို့မှာ တက္ကသိုလ်ပညာရေးအနေဖြင့် ဘွဲ့ရသူများလည်းရှိပါသည်။ ကျေးရွာတွင် အခြေခံပညာ မူလတန်းကျောင်းမရှိသောကြောင့် ရွာအနီးရှိ ကျောင်းစုကျေးရွာ မူလတန်းကျောင်းသို့ သွားရောက် ပညာသင်ကြားရပါသည်။ အသက်မွေးဝမ်းကျောင်းကျွမ်းကျင်မှုသင်တန်းများ လက်လှမ်းမမီသောကြောင့် လူငယ်များမှာ အသက်မွေးဝမ်းကျောင်းပညာနိမ့်ကျဆဲဖြစ်ပြီး ၎င်းအတွက်ဖွံ့ဖြိုးရေးအစီအစဉ်များမရှိပါ။

**(စ) ကျန်းမာရေး**

ကျေးရွာသူ/သားများသည် အများအားဖြင့် ကျန်းမာရေးကောင်းမွန်ကြပြီး ကူးစက်ရောဂါဖြစ်ပွားမှုမရှိသလောက် နည်းပါးပါသည်။ နှစ်စဉ်မိုးရာသီတွင် ကလေးသူငယ်များ သွေးလွန်တုပ်ကွေးဖြစ်ပွားတတ်ပြီး လူငယ်လူကြီးများတွင် မိုးရာသီတုပ်ကွေးရောဂါ ကူးစက်ခံရလေ့ရှိပါသည်။ ထို့အတွက်ကြောင့် ကျေးလက်တာဝန်ကျသားဖွားဆရာမနှင့် ကျေးရွာအုပ်ချုပ် ရေးမှူးတို့အဖွဲ့မှ ပူးပေါင်းဆောင်ရွက်၍ ရေများကို ဖုံး၊ သွန်၊ လှဲ၊ စစ်လုပ်ငန်းများအား နှစ်စဉ် ဆောင်ရွက်ခဲ့ပါသည်။ ကျေးရွာတွင် စပါး၊ ဟင်းသီးဟင်းရွက်၊

ပဲမျိုးစုံစိုက်ပျိုးထွက်ရှိပြီး အလုပ်အကိုင်အထိုက်အလျောက်အဆင်ပြေခြင်း၊ မိသားစုဝမ်းစာအတွက်နေ့စဉ်ဝင်ငွေအသင့် အတင့်ရှိသောကြောင့် ကျေးရွာအိမ်ထောင်စုဝင်များ၊ ကလေးသူငယ်များအပါအဝင် ယေဘု ယျအားဖြင့် အာဟာရခါတ်ချို့တဲ့မှုမရှိပါ။

အမျိုးသမီးများအတွက် ကျန်းမာရေးစောင့်ရှောက်မှုကို ကျေးရွာနှင့် (၆)မိုင်ခန့်ဝေးသော ရွာသစ်တိုက်နယ်ဆေးရုံကို အမှီပြုအားကိုးနေထိုင်ကြရပါသည်။ ကလေးသူငယ်များအတွက် ကျန်းမာရေးကာကွယ်ဆေးတိုက်ကျွေးသော အစီအစဉ်များကို ရွှေဘိုရေကျော်နှင့် အစုကြီးကျောင်းစုရှိ တာဝန်ကျသားဖွားဆရာမမှလည်း မြို့နယ်ဆရာဝန်ကြီးမှ လမ်းညွှန်သည့်အတိုင်း ဆောင်ရွက်ခြင်းများ ရှိပါသည်။

**(ဆ) ဘေးအန္တရာယ်များနှင့် သဘာဝပတ်ဝန်းကျင်ထိန်းသိမ်းရေး**

ကျေးရွာမှ လယ်မြေများသည် နှစ်စဉ်စပါးစိုက်ပျိုးခြင်း၊ သီးထပ်စိုက်ပျိုးခြင်းအတွက် ဓါတ်မြေသြဇာများအသုံးပြုခြင်း၊ သဘာဝသစ်ဆွေးမြေသြဇာများကို နွားချေးမြေသြဇာနှစ်စဉ် မထည့်သွင်းနိုင်ခြင်းတို့ကြောင့် မြေဆီလွှာပျက်ယွင်းမှုများနှင့် ကြုံတွေ့နေရပါသည်။ ဟင်းသီး ဟင်းရွက်၊ မတ်ပဲ၊ ပဲတီစိမ်း စိုက်ခင်းများတွင် ပိုးသတ်ဆေးများ အသုံးပြုရသောကြောင့် သဘာဝပတ်ဝန်းကျင်ကို ထိခိုက်မှုရှိပါသည်။ ပိုးသတ်ဆေးများ သုံးပြုရာတွင် ဓါတ်ကြွင်း အန္တရာယ်လျော့ပါးရေးအတွက် ဘေးကင်းလုံခြုံမှုရှိရန် လိုက်နာဆောင်ရွက်ခြင်းတွင် အား နည်းကြောင်း တွေ့ရှိရပါသည်။ ချောင်းမြောင်းများ တိမ်ကောလာသောကြောင့် မိုးရာသီမိုးများ များရွာသွန်းလျှင် စပါးခင်းများနိမ့်သောဒေသတွင် ရေနစ်မြှုပ်ခြင်း ခံရသောကြောင့် အချို့ တောင်သူများ၏စပါးစိုက်ခင်းများမှာ ရေနစ်မြှုပ်သောကြောင့် ဆုံးရှုံးရသည့် လယ်သမားတို့ သည် နစ်နာဆုံးရှုံးမှုများရှိပါသည်။

**(ဇ) ကျား-မရေးရာ**

ကျေးရွာဖွံ့ဖြိုးရေးလုပ်ငန်းများတွင် အမျိုးသားများက ဦးဆောင်လေ့ရှိပါသည်။ အမျိုး သမီးများသည် အိမ်တွင်းအလုပ်များကိုသာ လုပ်ကိုင်ကြပါသည်။ လယ်ယာလုပ်ငန်းခွင်တွင် အမျိုးသမီးများသည် အမျိုးသားများနှင့်တန်းတူ လုပ်ကိုင်နိုင်ကြပါသည်။ ဘာသာရေး အထိမ်းအမှတ်ပွဲများတွင်လည်း အမျိုးသမီးများသည် အမျိုးသားများနှင့် တန်းတူ ဆောင်ရွက် ကြပါသည်။ လယ်ယာလုပ်ငန်းခွင်တွင် အမျိုးသားများသည် အမျိုးသမီးများထက် လုပ်အားခ ပိုမိုရရှိကြပါသည်။ ဒေသတွင်းအုပ်ချုပ်ရေးနှင့် စီမံခန့်ခွဲမှုကိစ္စရပ်များတွင် အမျိုးသမီးများ၏ အခန်းကဏ္ဍနည်းပါးသေးကြောင်း တွေ့ရှိရပါသည်။

## ဖွံ့ဖြိုးရေးကွင်းဆက်

| စဉ် | ပြဿနာ | အကြောင်းရင်း | အခြေအနေကောင်းများ | အဟန့်အတားနှင့် စိန်ခေါ်မှု | ဖြေရှင်းမည့်နည်းလမ်းများ | အဆိုပြုစီမံချက်နှင့် လုပ်ငန်းများ |
|---|---|---|---|---|---|---|
| ၁ | စိုက်ပျိုးရေး (သီးနှံ) | | | | | |
| | • မျိုးကောင်းမျိုးသန့်များမရှိခြင်း | • စိုက်ပျိုးထွက်ကုန်များ အားနှစ်စဉ်အကုန်ရောင်းချနေခြင်း<br>• ရာသီဥတုနှင့်သွင်းအားစုများကြောင့်မျိုး ကောင်းမျိုးသန့်အတွက်အခက်အခဲဖြစ်နေခြင်း<br>• စိုက်ပျိုးကေနှင့်ကုန်စည်သီးနှံထွက်နှုန်းမမျှတခြင်း<br>• မျိုးကောင်းမျိုးသန့် အ တွက်စိုက်ပျိုးရေးဌာနနှင့်အလှမ်းဝေးခြင်း<br>• သွင်းအားစုများပိုမိုသုံးစွဲနေရခြင်း | • လယ်ယာလုပ်ကိုင်သူများရှိခြင်းနှင့်စိုက်ပျိုးကေများရှိခြင်း | • စိုက်ပျိုးနည်းပညာများပံ့ပိုးမှုအားနည်းခြင်း | • စိုက်ပျိုးရေးဌာနနှင့်တောင်သူကိုယ်စားပြုများသွားရောက်လေ့လာခြင်။<br>• မြေဆီလွှာနှင့်သွင်းအားစုအခြေအနေအားသိရှိအောင်ဆောင်ရွက်ခြင်း<br>• တောင်သူပြပွဲများ၊နည်းပညာပေးဟောပြောပွဲများ၊ မျိုးကောင်းမျိုးသန့် ရရှိရေးများသွားရောက်လေ့လာခြင်း<br>• မျိုးကောင်းမျိုးသန့်ထုတ် လုပ်နိုင်ရန်နှင့်အထွက်တိုးနည်းပညာသင်တန်းများပြုလုပ်ခြင်း | • မျိုးကောင်းမျိုးသန့်ရရှိရေးစီမံချက် |

## ဖွံ့ဖြိုးရေးကွင်းဆက်

| စဉ် | ပြဿနာ | အကြောင်းရင်း | အခြေအနေကောင်းများ | အဟန့်အတားနှင့် စိန်ခေါ်မှု | ဖြေရှင်းမည့်နည်းလမ်းများ | အဆိုပြုစီမံချက်နှင့် လုပ်ငန်းများ |
|---|---|---|---|---|---|---|
| ၂ | **စိုက်/မွေးမဟုတ်သောဝင်ငွေရလုပ်ငန်းများ** | | | | | |
| | • အသက်မွေးဝမ်းကျောင်းပညာများမရှိခြင်း | • မိရိုးဖလာတောင်သူလယ်ယာလုပ်ငန်းဖြင့်အသက်မွေးဝမ်းကျောင်းပြုသူများရှိခြင်း<br>• နေ့စား၊ ကျဘန်းအလုပ်များလုပ်ကိုင်နေရခြင်း<br>• မြို့နယ်နှင့်အလှမ်းကွာဝေးခြင်း<br>• သတင်းအချက်အလက်များမသိရှိခြင်း | • သင်ယူလေ့လာလိုစိတ်များရှိခြင်း | • လေ့လာဆည်းပူးရန်မစွန့်စားခြင်း | • အသက်မွေးဝမ်းကျောင်းဆိုင်ရာပညာများအတွက်အချိန်ပေးလေ့လာရန်ဆောင်ရွက်ခြင်း<br>• နီးစပ်ရာကျေးရွာနှင့်မြို့နယ်များမှဆောင်ရွက်နေသည့်လုပ်ငန်းများအားလေ့လာခြင်း<br>• အသိပညာပေးဟောပြောပွဲများ၊ အခမဲ့သင်တန်းများအားတက်ရောက်ခြင်း | • နည်းပညာသင်တန်းလိုအပ်ခြင်း |
| ၃ | **ဘဏ်နှင့်ငွေကြေးဝန်ဆောင်မှုလုပ်ငန်း** | | | | | |
| | • ငွေကြေးဝန်ဆောင်မှုမရရှိခြင်း | • တောင်သူများနှစ်ရှည်ချေးငွေမရရှိခြင်း<br>• စိုက်ပျိုးရေးအတွက်ရင်းနှီးမြှုပ်နှံမှုမရှိခြင်း<br>• စျေးကွက်မရှိသောကြောင့်စျေးနှုန်း | • ကုန်စည်ပွဲစားများကျေးရွာလာရောက်ဝယ်ယူခြင်း | – | • ချေးငွေဝန်ဆောင်မှုရရှိရန်ကြိုးပမ်းခြင်း<br>• ပုဂ္ဂလိကချေးငွေ၊ကာလတို/ရှည်ချေးငွေထုတ်ပေးသည့်အဖွဲ့အစည်းများနှင့်ချိတ်ဆက်ဆောင်ရွက်ခြင်း | • နှစ်ရှည်ချေးငွေရရှိရေး |

| စဉ် | ပြဿနာ | အကြောင်းရင်း | အခြေအနေကောင်းမျ ား | အဟန့်အတားနှင့် စိန်ခေါ်မှု | ဖြေရှင်းမည့်နည်း လမ်းများ | အဆိုပြုစီမံချက်နှင့် လုပ်ငန်းများ |
|---|---|---|---|---|---|---|
| | | းမရှိ | | | | |

# ဖွံ့ဖြိုးရေးကွင်းဆက်

| စဉ် | ပြဿနာ | အကြောင်းရင်း | အခြေအနေကောင်းများ | အဟန့်အတားနှင့် စိန်ခေါ်မှု | ဖြေရှင်းမည့်နည်းလမ်းများ | အဆိုပြုစီမံချက်နှင့် လုပ်ငန်းများ |
|---|---|---|---|---|---|---|
| ၄ | **ကျန်းမာရေး** | | | | | |
| | • ဆေးပေးခန်းမရှိခြင်း | • ဆေးပေးခန်းမရှိသောကြောင့်အချိန်မီကုသနိုင်မှုမရှိခြင်း<br>• ကျေးရွာခွဲတွင်ဆေးပေး ခန်း(၂)မိုင်အတွင်းရှိသော်လည်းအဆောက်အဦမရှိခြင်း<br>• သက်ကြီးရွယ်အိုများနှင့်ကျန်းမာရေးဆိုင်ရာစောင့်ရှောက်မှုမရှိခြင်း | • ဦးဆောင်မည့်သူများရှိခြင်း<br>• ကျေးရွာသူ/သားများမှသင့်တင့်သောထည့်ဝင်လှူဒါန်းနိုင်ခြင်း | • လုံလောက်သောမြေနေရာမရှိခြင်း | • ကျေးရွာပိုင်မြေနေရာအားအများသဘောတူသတ်မှတ်ရွေးချယ်ထားခြင်း<br>• ကျေးရွာဦးဦးဆောင်မည့်သူများမှကျေးလက်ဆေးပေးခန်းတည်ဆောက်ခြင်းအတွက်ပါဝင်ဆောင်ရွက်ခြင်း<br>• သက်ဆိုင်ရာဌာန၊အဖွဲ့အစည်း၊ အလှူရှင်များနှင့်ချိတ်ဆက်ခြင်း | • ကျေးလက်ဆေးပေးခန်းတည်ဆောက်ခြင်း (၅၀’×၃၀’) |

## ဖွံ့ဖြိုးရေးကွင်းဆက်

| စဥ် | ပြဿနာ | အကြောင်းရင်း | အခြေအနေကောင်းမျ ား | အဟန့်အတားနှင့် စိန်ခေါ်မှု | ဖြေရှင်းမည့်နည်းလမ်းများ | အဆိုပြုစီမံချက်နှင့် လုပ်ငန်းများ |
|---|---|---|---|---|---|---|
| ၅ | **လမ်း၊ တံတား၊ ရေပေးရေး၊ လျှပ်စစ်** | | | | | |
| | • ကျေးရွာချင်းဆက်လမ်းမကောင်းခြင်း | • မြေသားလမ်းဖြစ်ခြင်း<br>• ရာသီဥတုမရွေးသွားလ ာရန်ခက်ခဲခြင်း<br>• ကုန်စည်စီးဆင်းမှုနှင့် ပညာရေး၊ကျန်းမာရေး အတွက်အားထားရ သောလမ်းဖြစ်ခြင်း | • လုံလောက်သေမြေ နေရာနှင့်လူထုအာ းပါဝင်ဆောင်ရွက် ခြင်း | • ငွေကြေးမတတ်နိုင်ခြင်း | • ဦးဆောင်မည့်ကော် မတီတစ်ရပ်ဖွဲ့စည်း ခြင်း<br>• သက်ဆိုင်ရာဌာန၊အ ဖွဲ့အစည်း၊ အလှူရှင် များနှင့်ချိတ်ဆက် ခြင်း | • ကျေးရွာချင်းဆက်လမ်း ကွန်ကရစ်ခင်းခြင်း (၄၅၀၀'×၁၂'×၄") |
| | • စိုက်ပျိုးရေးလမ်းမ မကောင်းခြင်း | • မြေသားလမ်းဖြစ်ခြင်း<br>• လမ်းပိုင်းအားပြုပြင် ထိန်းသိမ်းမှုမရှိခြင်း<br>• စိုက်ပျိုးရေးအတွက်အ သုံးပြုရသောလမ်းဖြစ် ခြင်း<br>• ရာသီမရွေးသွားလာရန် ခက်ခဲခြင်း | • ဦးဆောင်မည့်သူ များရှိခြင်း<br>• ကျေးရွာမှလုပ်အား များပါဝင်ဆောင် ရွက်နိုင်ခြင်း | • ငွေကြေးမတတ်နိုင်ခြင်း | • တောင်သူများအချင်း ချင်းစည်းရုံး၍လမ်း ပြုပြင်ရေးအားဆောင် ရွက်ခြင်း<br>• သက်ဆိုင်ရာဦးစီးဌာ န၊အဖွဲ့အစည်းများ၊ပြ ငြ်ပအလှူရှင်များနှင့် ချိတ်ဆက်ခြင်း | • စိုက်ပျိုးလမ်းမကောင်း ခြင်း (မြေသားလမ်းအ ဆင့်မြှင့်တင်ခြင်း ဖိုးအောင်နီကျေးရွာသို့) (၂၀၀၀'×၉'×၄") |

# ဖွံ့ဖြိုးရေးကွင်းဆက်

| စဉ် | ပြဿနာ | အကြောင်းရင်း | အခြေအနေကောင်းများ | အဟန့်အတားနှင့် စိန်ခေါ်မှု | ဖြေရှင်းမည့်နည်းလမ်းများ | အဆိုပြုစီမံချက်နှင့် လုပ်ငန်းများ |
|---|---|---|---|---|---|---|
| | • တာလမ်းခွဲမကောင်းခြင်း (ဖိုးအောင်နီကျေးရွာသို့) | • မြေသားလမ်းဖြစ်ခြင်း<br>• ရာသီမရွေးသွားလာရန်ခက်ခဲခြင်း<br>• ကုန်စည်စီးဆင်းရာကြန့်ကြာခြင်း | • မြေနေရာလုံလောက်စွာရှိခြင်း<br>• လုပ်သားများပူးပေါင်းပါဝင်နိုင်ခြင်း | • ငွေကြေးမတတ်နိုင်ခြင်း | • ဦးဆောင်မည့်သူများမှကော်မတီတစ်ရပ်ဖွဲ့စည်းခြင်း<br>• သက်ဆိုင်ရာဌာန၊ ပြင်ပအဖွဲ့အစည်းများနှင့်ချိတ်ဆက်ဆောင်ရွက်ခြင်း | • တာလမ်းခွဲကျောက်ခင်းခြင်း (ဖိုးအောင်နီသို့) (၂၀၀၀’×၉’×၆”) |
| | • တံတားမကောင်းခြင်း (အစုကြီး – ဖိုးအောင်နီသို့) | • တံတားဆောက်လုပ်ခြင်းမှာကြာမြင့်ပြီဖြစ်သောကြောင့်ပျက်စီးယိုယွင်းလာခြင်း<br>• ကျေးရွာချင်းဆက်တံတားဖြစ်သောကြောင့်အသုံးပြုမှုများခြင်း<br>• ကျေးရွာမှထိန်းသိမ်းမှုအားနည်းခြင်း | • ကျေးရွာမှလုပ်သားပါဝင်ဆောင်ရွက်နိုင်ခြင်း | • ဦးဆောင်မည့်သူများမရှိခြင်း | • ဦးဆောင်ဆောင်ရွက်မည့်အဖွဲ့ဖွဲ့စည်းခြင်း<br>• ကျေးရွာကော်မတီမှကျေးရွာသူ/သားများအားစည်းရုံး၍လုပ်ငန်းဆောင်ရွက်နိုင်ရေးချပြရှင်းလင်းဆောင်ရွက်နိုင်ခြင်း<br>• ကိုယ်ထူကိုယ်ထစနစ်ဖြင့်တံတားဆောက်လုပ်ခြင်းအားငွေကြေးထည့်ဝင်ဆောင်ရွက်ခြင်း | • ကွန်ကရစ်တံတား (အစုကြီး– ဖိုးအောင်နီသို့) (၃၀’×၁၀’×၁၀’) |

## ဖွံ့ဖြိုးရေးကွင်းဆက်

| စဉ် | ပြဿနာ | အကြောင်းရင်း | အခြေအနေကောင်းများ | အဟန့်အတားနှင့် စိန်ခေါ်မှု | ဖြေရှင်းမည့်နည်းလမ်းများ | အဆိုပြုစီမံချက်နှင့် လုပ်ငန်းများ |
|---|---|---|---|---|---|---|
| | • ဆည်မြောင်းတံတားမရှိခြင်း | • တောင်သူများစက်ပစ္စည်းကိရိယာများသယ်ယူရာတွင်ခက်ခဲခြင်း<br>• စိုက်ပျိုးချိန်/ရိတ်သိမ်းချိန်အတွက်စက်ကိရိယာများသာအားထားနေရခြင်း | • ဦးဆောင်မည့်သူများရှိခြင်း<br>• လုပ်သားများပါဝင်ဆောင်ရွက်နိုင်ခြင်း | • ငွေကြေးမတတ်နိုင်ခြင်း | • ဦးဆောင်မည့်သူများမှလုပ်ငန်းဆောင်ရွက်ရေးအတွက်ကော်မတီတစ်ရပ်ဖွဲ့စည်းခြင်း<br>• တောင်သူများမှတတ်နိုင်သောဘက်မှငွေကြေးထည့်ဝင်ဆောင်ရွက်ခြင်း | • စိုက်ပျိုးဆည်မြောင်းတံတားလိုအပ်ခြင်း (၆၅'×၁၂'×၁၂') |
| | • သောက်သုံးရေလိုအပ်ခြင်း | • ချောင်းရေနှင့်အဝီစိတွင်းရေကိုသုံးစွဲနေရခြင်း<br>• ကျန်းမာရေးဆိုင်ရာဝမ်းပျက်ဝမ်းလျှောရောဂါများဖြစ်ပွားနေခြင်း<br>• သောက်သုံးရေအားစစ်ဆေးထားမှုမရှိခြင်း | • မြေနေရာရှိခြင်း<br>• လုပ်သားများပါဝင်ဆောင်ရွက်နိုင်ခြင်း | • ငွေကြေးမတတ်နိုင်ခြင်း | • ကျေးရွာရှိဦးဆောင်မည့်သူများမှသန့်ရှင်းသောသောက်သုံးရေရရှိအောင်နည်းလမ်းများရှာဖွေခြင်း<br>• ကျေးလက်ဦးစီးဌာနနှင့်ချိတ်ဆက်ဆောင်ရွက်ခြင်း | • စက်ရေတွင်းလိုအပ်ခြင်း (သောက်ရေသန့်) |

## ဖွံ့ဖြိုးရေးကွင်းဆက်

| စဉ် | ပြဿနာ | အကြောင်းရင်း | အခြေအနေကောင်းများ | အဟန့်အတားနှင့် စိန်ခေါ်မှု | ဖြေရှင်းမည့်နည်းလမ်းများ | အဆိုပြုစီမံချက်နှင့် လုပ်ငန်းများ |
|---|---|---|---|---|---|---|
| | • လျှပ်စစ်မီးမရရှိခြင်း | • မဟာဓါတ်လိုင်းအားနှင့် (၅)မိုင်ကျော်ဝေးခြင်း<br>• ဆိုလာနှင့်ဖယောင်းတိုင်မီးသာသုံးစွဲနေရခြင်း<br>• မီးဖိုချောင်သုံးထင်း၊လောင်စာများကြိုတင်စုဆောင်းနေရခြင်း၊နှစ်စဉ်ကုန်ကျစရိတ်များခြင်း | • သင့်တင့်သောငွေကြေးများထည့်ဝင်နိုင်ခြင်း<br>• ဦးဆောင်မည့်သူများရှိခြင်း | • ဦးဆောင်မည့်သူများရှိသော်လည်းလိုက်ပါဆောင်ရွက်မည့်သူများမရှိခြင်း | • ကျေးရွာ၏အဖွဲ့အစည်းများမှကော်မတီတစ်ရပ်ဖွဲ့စည်းခြင်း<br>• သက်ဆိုင်ရာဌာနများနှင့်ချိတ်ဆက်ဆောင်ရွက်ခြင်း | • မဟာဓါတ်အားလိုင်းရရှိရေး |

## အစုကြီးကျေးရွာမှ အဆိုပြုသော စီမံချက်များအတွက် ဦးစားပေး အမှတ်ပေးဇယား

| စဉ် | စီမံချက်လုပ်ငန်းအမည် | အကဲဖြတ်အမှတ်ပေးသူ (၁) | အကဲဖြတ်အမှတ်ပေးသူ (၂) | အကဲဖြတ်အမှတ်ပေးသူ (၃) | အကဲဖြတ်အမှတ်ပေးသူ (၄) | အကဲဖြတ်အမှတ်ပေးသူ (၅) | အကဲဖြတ်အမှတ်ပေးသူ (၆) | အကဲဖြတ်အမှတ်ပေးသူ (၇) | အကဲဖြတ်အမှတ်ပေးသူ (၈) | အကဲဖြတ်အမှတ်ပေးသူ (၉) | အကဲဖြတ်အမှတ်ပေးသူ (၁၀) | စုစုပေါင်း | အဆင့် |
|---|---|---|---|---|---|---|---|---|---|---|---|---|---|
| ၁ | ကျေးရွာချင်းဆက်လမ်းကွန်ကရစ်ခင်းခြင်း (၄၅၀၀’ ×၁၂’× ၄”) | ၁၀ | ၁၀ | ၁၀ | ၁၀ | ၁၀ | ၁၀ | ၁၀ | ၁၀ | ၁၀ | ၁၀ | ၁၀၀ | ၁ |
| ၂ | မဟာဓါတ်အားလိုင်းရရှိရေး | ၈ | ၉ | ၉ | ၉ | ၉ | ၉ | ၉ | ၇ | ၉ | ၇ | ၈၅ | ၂ |
| ၃ | နှစ်ရှည်ချေးငွေရရှိရေး | ၉ | ၈ | ၉ | ၉ | ၈ | ၈ | ၉ | ၈ | ၈ | ၉ | ၈၅ | ၃ |
| ၄ | ကျေးလက်ဆေးပေးခန်းတည်ဆောက်ခြင်း (၅၀’ × ၃၀’) | ၉ | ၉ | ၆ | ၈ | ၇ | ၉ | ၈ | ၉ | ၈ | ၉ | ၈၂ | ၄ |
| ၅ | စက်ရေတွင်းလိုအပ်ခြင်း (သောက်သုံးရေ) | ၉ | ၆ | ၈ | ၉ | ၈ | ၇ | ၆ | ၉ | ၇ | ၈ | ၇၇ | ၅ |
| ၆ | ကွန်ကရစ်တံတား (အစုကြီး– ဖိုးအောင်နီ) (၃၀’ × ၁၀’ × ၁၀’) | ၈ | ၈ | ၉ | ၉ | ၅ | ၈ | ၆ | ၈ | ၆ | ၇ | ၇၄ | ၆ |

## အစုကြီးကျေးရွာမှ အဆိုပြုသော စီမံချက်များအတွက် ဦးစားပေး အမှတ်ပေးဇယား

| စဉ် | စီမံချက်လုပ်ငန်းအမည် | အကဲဖြတ်အမှတ်ပေးသူ (၁) | အကဲဖြတ်အမှတ်ပေးသူ (၂) | အကဲဖြတ်အမှတ်ပေးသူ (၃) | အကဲဖြတ်အမှတ်ပေးသူ (၄) | အကဲဖြတ်အမှတ်ပေးသူ (၅) | အကဲဖြတ်အမှတ်ပေးသူ (၆) | အကဲဖြတ်အမှတ်ပေးသူ (၇) | အကဲဖြတ်အမှတ်ပေးသူ (၈) | အကဲဖြတ်အမှတ်ပေးသူ (၉) | အကဲဖြတ်အမှတ်ပေးသူ (၁၀) | စုစုပေါင်း | အဆင့် |
|---|---|---|---|---|---|---|---|---|---|---|---|---|---|
| ၇ | မျိုးကောင်းမျိုးသန့်ရရှိရေး | ၉ | ၉ | ၇ | ၈ | ၇ | ၅ | ၇ | ၇ | ၉ | ၅ | ၇၃ | ၇ |
| ၈ | နည်းပညာသင်တန်းလိုအပ်ခြင်း (အသက်မွေးဝမ်းကျောင်း) | ၇ | ၈ | ၆ | ၅ | ၆ | ၈ | ၇ | ၈ | ၈ | ၉ | ၇၂ | ၈ |
| ၉ | စိုက်ပျိုးရေးလမ်းမကောင်းခြင်း (မြေသားလမ်းအဆင့်မြှင့်တင်ခြင်းဖိုးအောင်နီကျေးရွာသို့) (၂၀၀၀' × ၉' × ၄") | ၇ | ၈ | ၅ | ၇ | ၆ | ၇ | ၇ | ၇ | ၉ | ၆ | ၆၈ | ၉ |
| ၁၀ | တာလမ်းခွဲကျောက်ခင်းခြင်း (ဖိုးအောင်နီ) (၂၀၀၀'×၉' × ၆") | ၆ | ၇ | ၅ | ၆ | ၅ | ၆ | ၅ | ၆ | ၉ | ၉ | ၆၄ | ၁၀ |
| ၁၁ | စိုက်ပျိုးဆည်မြောင်းတံတားလိုအပ်ခြင်း (၆၅' × ၁၂' × ၁၂') | ၆ | ၆ | ၈ | ၆ | ၄ | ၆ | ၉ | ၆ | ၇ | ၅ | ၆၃ | ၁၁ |

# ဦးစားပေးစီမံချက်များအား ရွေးချယ်ခြင်း

## အိမ်မဲမြို့နယ်၊ အစုကြီးကျောင်းစုကျေးရွာအုပ်စု၊ အစုကြီးကျေးရွာ

## ဦးစားပေးစီမံကိန်းများ အကောင်အထည်ဖော်မည့် အချိန်ကာလဇယား

| စဉ် | စီမံချက် | ဦးစားပေး အဆင့် | ရမှတ် | ၂၀၁၉ | ၂၀၂၀ | ၂၀၂၁ | ၂၀၂၂ | ၂၀၂၃ |
|---|---|---|---|---|---|---|---|---|
| ၁ | ကျေးရွာချင်းဆက်လမ်းကွန်က ရစ်ခင်းခြင်း (၄၅၀၀’ ×၁၂’× ၄”) | ၁ | ၁၀၀ | Â | | | | |
| ၂ | မဟာဓါတ်အားလိုင်းရရှိရေး | ၂ | ၈၅ | | Â | | | |
| ၃ | နှစ်ရှည်ချေးငွေရရှိရေး | ၃ | ၈၅ | | | Â | | |
| ၄ | ကျေးလက်ဆေးပေးခန်းတည် ဆောက်ခြင်း (၅၀’ × ၃၀’) | ၄ | ၈၂ | | | | Â | |
| ၅ | စက်ရေတွင်းလိုအပ်ခြင်း (သောက်သုံးရေ) | ၅ | ၇၇ | | | | | Â |

## ကျေးရွာဖွံ့ဖြိုးရေးကော်မတီဖွဲ့စည်းခြင်း

## အစုကြီးကျေးရွာ၊ အစုကြီးကျောင်းစုကျေးရွာအုပ်စု၊ ကျေးရွာဖွံ့ဖြိုးရေးကော်မတီဝင်များစာရင်း

| စဉ် | အမည် | မှတ်ပုံတင်အမှတ် | အသက် | တာဝန် | ဖုန်းနံပါတ် |
|---|---|---|---|---|---|
| ၁ | ဦးဝင်းထိန် | ၁၄/ အမန (နိုင်) ၁၂၈၄၄၆ | ၅၁ နှစ် | ဥက္ကဌ | ၀၉-၄၄၂၄၈၅၈၄၀ |
| ၂ | ဦးကျော်မင်းနိုင် | ၁၄/ ဝခမ (နိုင်) ၁၃၈၈၅၂ | ၃၅ နှစ် | အတွင်းရေးမှူး | ၀၉-၄၅၆၁၄၈၂၁၀ |
| ၃ | ဦးမျိုးဇော် | ၁၄/ အမန (နိုင်) ၁၁၂၂၁၀ | ၃၃ နှစ် | ဘဏ္ဍာရေးမှူး | ၀၉-၂၆၀၇၂၄၁၉၈ |
| ၄ | ဒေါ်အေးသန္တာ | ၁၄/ အမန (နိုင်) ၂၁၆၃၉၉ | ၁၉ နှစ် | စာရင်းကိုင် | ၀၉-၃၁၀၉၆၃၂၅ |
| ၅ | ဦးလင်းလင်းထက် | ၁၄/ အမန (နိုင်) ၁၀၂၆၂၈ | ၃၂ နှစ် | သော့ကိုင်- ၁ | ၀၉-၄၅၈၂၄၆၃၃၉ |
| ၆ | ဦးစောအေး | ၁၄/ အမန (နိုင်) ၀၆၄၇၅၇ | ၅၅ နှစ် | သော့ကိုင်- ၂ | ၀၉-၂၅၀၄၄၀၂၃၄ |
| ၇ | ဒေါ်စန်းစန်းမော် | ၁၄/ မမန (နိုင်) ၀၀၇၁၀၀ | ၄၈ နှစ် | အဖွဲ့ဝင် | ၀၉-၆၇၁၈၀၅၄၃၈ |

**ကျေးရွာဖွံ့ဖြိုးရေးအထောက်အကူပြုဇယားများ**

**(၁) ကျေးရွာ လူမှုစီးပွားရေး အခြေအနေ**

**(က) လူဦးရေနှင့် လူဦးရေဆိုင်ရာ အချက်အလက်များ**

**ဇယား (၁) လူဦးရေနှင့် လူဦးရေဆိုင်ရာ အချက်အလက်များ**

| အသက်အုပ်စု | | ကျား | မ | စုစုပေါင်း |
|---|---|---|---|---|
| ၁ နှစ် အောက် | နို့စို့အရွယ် | ၁ | ၂ | ၃ |
| ၁ နှစ်မှ ၄ နှစ် | ၅နှစ်အောက်ကလေးငယ် | ၉ | ၁၂ | ၂၁ |
| ၅ နှစ်မှ ၉ နှစ် | မူလတန်းကျောင်းသားအရွယ် | ၉ | ၁၁ | ၂၀ |
| ၁၀ နှစ်မှ ၁၄ နှစ် | အလယ်တန်းကျောင်းသားအရွယ် | ၁၄ | ၁၅ | ၂၉ |
| ၁၅ နှစ်မှ ၆၄ နှစ် | အလုပ်လုပ်နိုင်သည့်အရွယ် | ၁၀၂ | ၁၀၀ | ၂၀၂ |
| ၆၅ နှစ် နှင့် အထက် | သက်ကြီးရွယ်ကြီး | ၁၁ | ၁၇ | ၂၈ |
| **စုစုပေါင်း** | | **၁၄၈** | **၁၅၄** | **၃၀၂** |
| **စုစုပေါင်းအိမ်ထောင်စု** | | **၇၉** | | |

**ရင်းမြစ် … (၁) အိမ်ထောင်စုစာရင်း ကောက်ယူမှု၊ (၂) ကျေးရွာအုပ်စု အုပ်ချုပ်ရေးမှူးရုံး။**

**လေ့လာတွေ့ရှိချက်။** ။ အစုကြီးကျေးရွာရှိ ကျေးရွာသူ/သားများသည် အသိဉာဏ်ဗဟုသုတနည်းပါး သောကြောင့် လူဦးရေနှင့် လူဦးရေဆိုင်ရာအချက်အလက်များကောက်ယူရာတွင် အလုပ်လုပ်နိုင်သည့် အရွယ်ရောက်လူဦးရေမှာ (၆၅%) ခန့်ရှိကြောင်း လေ့လာတွေ့ရှိရပါသည်။

**(ခ) အလုပ်လုပ်နိုင်သူ အင်အား**

**(ခ-၁) လုပ်သားအင်အားနှင့် ဝင်ငွေရလုပ်ငန်း အမျိုးအစား**

**ဇယား(၂) လုပ်သားအင်အားနှင့် ဝင်ငွေရလုပ်ငန်း အမျိုးအစား**

| စဉ် | လုပ်ငန်းများ | အဓိက အလုပ်အကိုင် | | အဓိက ဝင်ငွေရ လုပ်ငန်းမဟုတ်သောအခြားဝင်ငွေရ လုပ်ငန်းအဖြစ် လုပ်ကိုင်သူ(ဦးရေ) | ရပ်တည်နိုင်မှု (မှတ်ချက်ကို သေချာစွာဖတ်ပြီး မှန်ရာတစ်ခုသာ ရွေးရန်။) |
|---|---|---|---|---|---|
| | | အိမ်ထောင်စု | မိသားစုဝင် လုပ်အား | | |
| **စိုက်ပျိုးစီးပွား လုပ်ငန်းများ** | | | | | |
| ၁ | **လယ်ယာစိုက်ပျိုးရေး** | | | | |
| | ကိုယ်ပိုင်လုပ်ငန်း | ၄၀ | ၇၈ | ၁၄ | မြင့် □ လတ် A နိမ့် □ |
| | အလုပ်သမား/ ဝန်ထမ်း | ၃၀ | ၅၄ | | မြင့် □ လတ် A နိမ့် □ |

| စဉ် | လုပ်ငန်းများ | အဓိက အလုပ်အကိုင် | | အဓိက ဝင်ငွေရ လုပ်ငန်းမဟုတ်သောအခြားဝင်ငွေရ လုပ်ငန်းအဖြစ် လုပ်ကိုင်သူ(ဦးရေ) | ရပ်တည်နိုင်မှု (မှတ်ချက်ကို သေချာစွာဖတ်ပြီး မှန်ရာတစ်ခုသာ ရွေးရန်။) |
|---|---|---|---|---|---|
| | | အိမ်ထောင်စု | မိသားစုဝင် လုပ်အား | | |
| ၂ | **တိရစ္ဆာန် မွေးမြူရေး** | | | | |
| | ကိုယ်ပိုင်လုပ်ငန်း | | | | မြင့် ☐ လတ် ☐ နိမ့် ☐ |
| | အလုပ်သမား/ ဝန်ထမ်း | | | | မြင့် ☐ လတ် ☐ နိမ့် ☐ |
| ၃ | **ငါးလုပ်ငန်း (ရေချို/ရေငန်ငါး/ပုစွန် စသော ရေသတ္တဝါများ ဖမ်းခြင်း၊ မွေးမြူခြင်း)** | | | | |
| | ကိုယ်ပိုင်လုပ်ငန်း | | | | မြင့် ☐ လတ် ☐ နိမ့် ☐ |
| | အလုပ်သမား/ ဝန်ထမ်း | | | | မြင့် ☐ လတ် ☐ နိမ့် ☐ |
| ၄ | **သစ်တောလုပ်ငန်း** | | | | |
| | ကိုယ်ပိုင်လုပ်ငန်း | | | | မြင့် ☐ လတ် ☐ နိမ့် ☐ |
| | အလုပ်သမား/ ဝန်ထမ်း | | | | မြင့် ☐ လတ် ☐ နိမ့် ☐ |
| **စိုက်ပျိုးမွေးမြူရေးမဟုတ်သော အခြားဝင်ငွေရလုပ်ငန်းများ** | | | | | |
| ၅ | **သတ္တုတူးဖော်ရေး၊ကျောက်ထုတ်လုပ်ရေးနှင့် သဘာဝအရင်းအမြစ်များ ထုတ်လုပ်ခြင်း** | | | | |
| | ကိုယ်ပိုင်လုပ်ငန်း | | | | မြင့် ☐ လတ် ☐ နိမ့် ☐ |
| | အလုပ်သမား/ ဝန်ထမ်း | | | | မြင့် ☐ လတ် ☐ နိမ့် ☐ |
| ၆ | **ထုတ်ကုန်လုပ်ငန်း** | | | | |
| | ကိုယ်ပိုင်လုပ်ငန်း | | | | မြင့် ☐ လတ် ☐ နိမ့် ☐ |
| | အလုပ်သမား/ ဝန်ထမ်း | | | | မြင့် ☐ လတ် ☐ နိမ့် ☐ |
| **လျှပ်စစ်၊ ဓာတ်ငွေ့နှင့် ရေပေးဝေရေး** | | | | | |
| ၇ | ကိုယ်ပိုင်လုပ်ငန်း | | | | မြင့် ☐ လတ် ☐ နိမ့် ☐ |
| | အလုပ်သမား/ ဝန်ထမ်း | | | | မြင့် ☐ လတ် ☐ နိမ့် ☐ |
| ၈ | **ဆောက်လုပ်ရေး၊ လက်သမား၊ ပန်းရံ လုပ်ငန်း** | | | | |
| | ကိုယ်ပိုင်လုပ်ငန်း | | | ၃ | မြင့် ☐ လတ် ☐ နိမ့် ☒ |
| | အလုပ်သမား/ ဝန်ထမ်း | | | | မြင့် ☐ လတ် ☐ နိမ့် ☐ |



| စဉ် | လုပ်ငန်းများ | အဓိက အလုပ်အကိုင် | အဓိက ဝင်ငွေရ | ရပ်တည်နိုင်မှု |
|---|---|---|---|---|

| ဉ် | | အိမ်ထောင်စု | မိသားစုဝင်လုပ်အား | လုပ်ငန်းမဟုတ်သောအခြားဝင်ငွေရလုပ်ငန်းအဖြစ်လုပ်ကိုင်သူ(ဦးရေ) | (မှတ်ချက်ကိုသေချာစွာဖတ်ပြီးမှန်ရာတစ်ခုသာရွေးရန်။) |
|---|---|---|---|---|---|
| ၉ | **ယာဉ်၊ စက်ကိရိယာနှင့် တာရှည်ခံအိမ်သုံးပစ္စည်းများ ပြင်ဆင်ရေး** | | | | |
| | ကိုယ်ပိုင်လုပ်ငန်း | | | | မြင့် ☐ လတ် ☐ နိမ့် ☐ |
| | အလုပ်သမား/ ဝန်ထမ်း | | | | မြင့် ☐ လတ် ☐ နိမ့် ☐ |
| ၁၀ | **ကျွမ်းကျင်ပညာရှင်များ (ဆံပြင်၊ အလှပြင်၊ အပ်ချုပ်၊ အင်ဂျင်နီယာ၊ သင်တန်းပေးသူ စသည်)** | | | | |
| | ကိုယ်ပိုင်လုပ်ငန်း | | | | မြင့် ☐ လတ် ☐ နိမ့် ☐ |
| | အလုပ်သမား/ ဝန်ထမ်း | | | | မြင့် ☐ လတ် ☐ နိမ့် ☐ |
| ၁၁ | **လက်လီ-လက်ကား ရောင်းဝယ်ရေး** | | | | |
| | ကိုယ်ပိုင်လုပ်ငန်း | | | ၂ | မြင့် ☐ လတ် A နိမ့် ☐ |
| | အလုပ်သမား/ ဝန်ထမ်း | | | | မြင့် ☐ လတ် ☐ နိမ့် ☐ |
| ၁၂ | **ဟိုတယ် နှင့် စားသောက်ဆိုင် လုပ်ငန်း** | | | | |
| | ကိုယ်ပိုင်လုပ်ငန်း | | | | မြင့် ☐ လတ် ☐ နိမ့် ☐ |
| | အလုပ်သမား/ ဝန်ထမ်း | | | | မြင့် ☐ လတ် ☐ နိမ့် ☐ |
| ၁၃ | **ပို့ဆောင်ရေး၊ သိုလှောင်ရေးနှင့် ဆက်သွယ်ရေး** | | | | |
| | ကိုယ်ပိုင်လုပ်ငန်း | | | | မြင့် ☐ လတ် ☐ နိမ့် ☐ |
| | အလုပ်သမား/ ဝန်ထမ်း | | | | မြင့် ☐ လတ် ☐ နိမ့် ☐ |
| **ငွေချေး ဝန်ဆောင်မှု လုပ်ငန်း (ဘဏ် နှင့် ငွေချေးခြင်း အပါအဝင် ငွေကြေးဝန်ဆောင်မှု လုပ်ငန်း)** | | | | | |
| ၁၄ | ကိုယ်ပိုင်လုပ်ငန်း | | | | မြင့် ☐ လတ် ☐ နိမ့် ☐ |
| | အလုပ်သမား/ ဝန်ထမ်း | | | | မြင့် ☐ လတ် ☐ နိမ့် ☐ |
| ၁၅ | **အိမ်ခြံမြေ၊ ယာဉ်၊ စက်ကိရိယာ၊ ရောင်းဝယ် ငှားရမ်းခြင်းနှင့် ဆက်စပ်သော လုပ်ငန်းများ** | | | | |
| | ကိုယ်ပိုင်လုပ်ငန်း | | | | မြင့် ☐ လတ် ☐ နိမ့် ☐ |
| | အလုပ်သမား/ ဝန်ထမ်း | | | | မြင့် ☐ လတ် ☐ နိမ့် ☐ |



| စ | လုပ်ငန်းများ | အဓိက အလုပ်အကိုင် | အဓိက ဝင်ငွေရ | ရပ်တည်နိုင်မှု |
|---|---|---|---|---|

| ဉ | | အိမ်ထောင်စု | မိသားစုဝင်လုပ်အား | လုပ်ငန်းမဟုတ်သောအခြားဝင်ငွေရလုပ်ငန်းအဖြစ်လုပ်ကိုင်သူ(ဦးရေ) | (မှတ်ချက်ကိုသေချာစွာဖတ်ပြီးမှန်ရာတစ်ခုသာရွေးရန်။) |
|---|---|---|---|---|---|
| ၁၆ | **ပြည်သူ့ဝန်ဆောင်မှုလုပ်ငန်းများ (အုပ်ချုပ်ရေး၊ ကာကွယ်ရေးနှင့် ဘေးကင်းလုံခြုံရေး)** | | | | |
| | ကိုယ်ပိုင်လုပ်ငန်း | | | | မြင့် ☐ လတ် ☐ နိမ့် ☐ |
| | အလုပ်သမား/ ဝန်ထမ်း | ၁ | | | မြင့် ☐ လတ် ☐A နိမ့် ☐ |
| ၁၇ | **ပညာရေး** | | | | |
| | ကိုယ်ပိုင်လုပ်ငန်း | | | | မြင့် ☐ လတ် ☐ နိမ့် ☐ |
| | အလုပ်သမား/ ဝန်ထမ်း | | | | မြင့် ☐ လတ် ☐ နိမ့် ☐ |
| ၁၈ | **ကျန်းမာရေး** | | | | |
| | ကိုယ်ပိုင်လုပ်ငန်း | | | | မြင့် ☐ လတ် ☐ နိမ့် ☐ |
| | အလုပ်သမား/ ဝန်ထမ်း | | | | မြင့် ☐ လတ် ☐ နိမ့် ☐ |
| ၁၉ | **လူမှုရေး လုပ်ငန်းများ** | | | | |
| | ကိုယ်ပိုင်လုပ်ငန်း | | | | မြင့် ☐ လတ် ☐ နိမ့် ☐ |
| | အလုပ်သမား/ ဝန်ထမ်း | | | | မြင့် ☐ လတ် ☐ နိမ့် ☐ |
| ၂၀ | **အိမ်များတွင် အငှားလိုက်လုပ်သူများနှင့် အမျိုးအမည် မဖော်ပြနိုင်သော လုပ်ငန်းများ** | | | | |
| | ကိုယ်ပိုင်လုပ်ငန်း | | | | ☐ |
| | အလုပ်သမား/ ကျပန်း/ ရာသီအလိုက်အလုပ်သမား | | | ၁ | |
| **ပြင်ပအဖွဲ့အစည်းများနှင့် ကုမ္ပဏီများတွင် လုပ်ကိုင်သူများ** | | | | | |
| ၂၁ | ကိုယ်ပိုင်လုပ်ငန်း | | | | မြင့် ☐ လတ် ☐ နိမ့် ☐ |
| | အလုပ်သမား/ ဝန်ထမ်း | | | | မြင့် ☐ လတ် ☐ နိမ့် ☐ |
| | **စုစုပေါင်း** | ၇၁ | ၁၃၂ | ၂၀ | ☐ |

**ရင်းမြစ် ... (၁) အိမ်ထောင်စုစာရင်း ကောက်ယူမှု၊ (၂) ကျေးရွာအုပ်စု အုပ်ချုပ်ရေးမှူးရုံး။**

**၅**

မှတ်ချက်။ ။ **‘ အခြားဝင်ငွေရလုပ်ငန်းအဖြစ် လုပ်ကိုင်သူများ’** အရေအတွက်တွင် **‘ မိသားစုဝင်ငွေလုပ်အား’** ထပ်မံ ထည့်သွင်းကောက်ယူခြင်း မပြုရပါ။ **‘ ရပ်တည်နိုင်မှု (နိမ့်၊ လတ်၊ မြင့်)’** ဆိုသည်မှာ

ဖော်ပြပါ လုပ်ငန်းတစ်ခုတွင် ကိုယ်ပိုင်လုပ်ငန်းလုပ်ကိုင်လိုသူ (သို့မဟုတ်) အလုပ်သမား/ဝန်ထမ်းအဖြစ် လုပ်ကိုင်လိုသူများအတွက် အလုပ်အကိုင်အခွင့်အလမ်းရရှိနိုင်မှု အခြေအနေကို ဆိုလိုပါသည်။ ဥပမာ– **'စိုက်ပျိုးရေး'** ကဏ္ဍ၏ **'ကိုယ်ပိုင်လုပ်ငန်း'** တွင် ရပ်တည်နိုင်မှု **'မြင့်'** ဆိုပါက အဆိုပါလုပ်ငန်း တွင် ကိုယ်ပိုင်လုပ်ငန်း တစ်ခုလုပ်ကိုင်ရန် အခွင့်အလမ်းများနေသည်ဟု ဆိုလိုပါသည်။

**လေ့လာတွေ့ရှိချက်။** ။ အစုကြီးကျေးရွာတွင် လယ်ယာလုပ်ငန်းလုပ်ကိုင်သူများပြီး ဆင်းရဲချို့တဲ့ သော အိမ်ထောင်စုအနည်းငယ်သာရှိကြောင်း လေ့လာတွေ့ရှိရပါသည်။

**(ခ–၂) လုပ်ငန်းနှင့် ကျား၊ မအလိုက် အနည်းဆုံးနှင့် အများဆုံး လုပ်အားခနှုန်းထား**

**ဇယား (၃) လုပ်ငန်းနှင့် ကျား၊ မအလိုက် အနည်းဆုံးနှင့် အများဆုံး လုပ်အားခနှုန်းထား**

| စဉ် | အလုပ်အကိုင် | ရေတွက်ပုံ | အများဆုံး(ကျပ်) | | အနည်းဆုံး(ကျပ်) | |
|---|---|---|---|---|---|---|
| | | | ကျား | မ | ကျား | မ |
| ၁ | လယ်ယာစိုက်ပျိုးရေး | နေ့စား | ၅၀၀၀ | ၃၀၀၀ | ၄၀၀၀ | ၂၅၀၀ |
| ၂ | တိရိစ္ဆာန်မွေးမြူရေး | နေ့စား | – | – | – | – |
| ၃ | ငါးလုပ်ငန်း (ရေချို/ ရေငန် ငါးဖမ်းခြင်း၊ မွေးမြူခြင်း) | နေ့စား | – | – | – | – |
| ၄ | သတ္တုတူးဖော်ရေး၊ကျောက် ထုတ်လုပ်ရေးနှင့်သဘာဝအ ရင်းအမြစ်များထုတ်လုပ် ခြင်း | နေ့စား | – | – | – | – |
| ၅ | ထုတ်ကုန်လုပ်ငန်း | နေ့စား | – | – | – | – |
| ၆ | ဆောက်လုပ်ရေး၊လက်သ မား၊ ပန်းရံ လုပ်ငန်း | နေ့စား | ၁၀၀၀၀ | – | ၇၀၀၀ | – |
| ၇ | ယာဉ်၊စက်ကိရိယာ၊အိမ်သုံး ပစ္စည်းများပြင်ဆင်ရေး | နေ့စား | – | – | – | – |
| ၈ | လက်လီ–လက်ကားရောင်း ဝယ်ရေး | နေ့စား | – | – | – | – |



| စဉ် | အလုပ်အကိုင် | ရေတွက်ပုံ | အများဆုံး(ကျပ်) | | အနည်းဆုံး(ကျပ်) | |
|---|---|---|---|---|---|---|
| | | | ကျား | မ | ကျား | မ |

| | | | | | | |
|---|---|---|---|---|---|---|
| ၉ | ကျွမ်းကျင်ပညာရှင်များ(ဆံပင်၊ အလှပြင်၊ အပ်ချုပ်၊ အင်ဂျင်နီယာ၊သင်တန်းပေးသူ စသည်) | နေ့စား | - | - | - | - |
| ၁၀ | ဟိုတယ်နှင့်စားသောက်ဆိုင်လုပ်ငန်း | နေ့စား | - | - | - | - |

**ရင်းမြစ်…ဦးတည်အုပ်စု ဆွေးနွေးခြင်း- ရပ်မိရပ်ဖ အုပ်စု၊ အမျိုးသမီး အုပ်စု၊ လယ်သမား အုပ်စု။**

မှတ်ချက် (၁) လခစား အလုပ်သမားများ၏ တစ်ရက်ဝင်ငွေ = (လစာ ÷ ၂၂.၇၅)(၂) နာရီတွက်ဖြင့်

ရသော အလုပ်သမားများ၏ တစ်ရက်ဝင်ငွေ = (တစ်နာရီဝင်ငွေ × ၈)

**လေ့လာတွေ့ရှိချက်။** ။ အစုကြီးကျေးရွာတွင် လုပ်ငန်းနှင့် ကျား/မအလိုက်စိုက်ပျိုးရေးတွင် အနည်း ဆုံးနှင့် အများဆုံးလုပ်ခအခြေအနေမှာ အများဆုံး ကျား (၅၀၀၀/-) ၊ အနည်းဆုံး ကျား (၄၀၀၀/-) နှင့် အများဆုံး မ (၃၀၀၀/-)၊ အနည်းဆုံး မ (၂၅၀၀/-) ရရှိပြီး ဆောက်လုပ်ရေး၊ လက်သမား၊ ပန်းရံလုပ်ငန်း တွင် နေ့စားခများမှာ အများဆုံး (၁၀၀၀၀/-)၊ အနည်းဆုံး (၇၀၀၀/-) ရရှိကြောင်း လေ့လာတွေ့ရှိရပါ သည်။ ရရှိသည့်လုပ်အားခနှင့် မိသားစုစားဝတ်နေရေးမလုံလောက်ကြောင်း တွေ့ရှိရပါသည်။

**(ဂ) သဘာဝအရင်းအမြစ်များ**

**(ဂ-၁) စိုက်ပျိုးနိုင်သော မြေဧရိယာ**

**ဇယား(၄) ကျေးရွာ၏ စိုက်ပျိုးမြေ ပိုင်ဆိုင်မှု**

| **မြေအမျိုးအစား** | **ဧရိယာ(ဧက)** | **မြေဆီလွှာ အရည်အသွေး** (မှန်ရာ<u>တစ်ခုကိုသာ</u> ရွေးရန်) |
|---|---|---|
| လယ်မြေ | ၂၅၅ | ကောင်း ☐ သင့် A ညံ့ ☐ |
| ယာမြေ/တောင်ယာမြေ | - | ကောင်း ☐ သင့် ☐ ညံ့ ☐ |
| ဥယျာဉ်ခြံမြေ | ၆ | ကောင်း ☐ သင့် A ညံ့ ☐ |
| ကိုင်း/ကျွန်းမြေ | - | ကောင်း ☐ သင့် ☐ ညံ့ ☐ |
| ဓနိတောမြေ | - | ကောင်း ☐ သင့် ☐ ညံ့ ☐ |
| စားကျက်မြေ | ၃၂ | ကောင်း ☐ သင့် ☐ ညံ့ A |



| **မြေအမျိုးအစား** | **ဧရိယာ(ဧက)** | **မြေဆီလွှာ အရည်အသွေး** (မှန်ရာ<u>တစ်ခုကိုသာ</u> ရွေးရန်) |
|---|---|---|
| မြေလွတ်မြေလပ် | - | ကောင်း ☐ သင့် ☐ ညံ့ ☐ |

| | | |
|---|---|---|
| **စုစုပေါင်း** | ၂၉၄ | |

**ရင်းမြစ် ... (၁) အိမ်ထောင်စုစာရင်း ကောက်ယူမှု၊ (၂) ဦးတည်အုပ်စု ဆွေးနွေးခြင်း၊ – လယ်သမား အုပ်စု၊ (၃) လယ်ယာမြေစီမံခန့်ခွဲရေးနှင့် စာရင်းအင်းဦးစီးဌာန၊ (၄) ကျေးရွာအုပ်စု အုပ်ချုပ်ရေးမှူးရုံး။**

**မှတ်ချက်။ ။ မြေလွတ်မြေလပ် ဆိုသည်မှာ ယခင်က သီးစားခံယူလုပ်ကိုင်လာခဲ့ပြီး အကြောင်းအမျိုး**

**မျိုးကြောင့် စွန့်လွှတ်ထားသည့် သီးစားခံယူလုပ်ကိုင်သူမရှိသော စိုက်ပျိုးရေး (သို့) မွေးမြူရေးလုပ်ကိုင်**

**နိုင်သည့် မြေနှင့် နိုင်ငံတော်က သီးသန့်လျာထားသတ်မှတ်သည့် မြေများကို ဆိုသည်။**

**လေ့လာတွေ့ရှိချက်။** ။ အစုကြီးကျေးရွာ စိုက်ပျိုးမြေ၏ မြေဆီလွှာအရည်အသွေးမှာ အသင့် အတင့် ရှိပြီး နိုင်ငံတော်မှ ချေးငွေများပေးလျှင် ပို၍အဆင်ပြေသည်ဟု လေ့လာတွေ့ရှိရပါသည်။

**(ဂ–၂) ခတ်သတ္တုနှင့် အခြားသဘာဝရင်းမြစ်များ**

**ဇယား (၅) ခတ်သတ္တုနှင့် အခြားသဘာဝရင်းမြစ်များ**

| **အမျိုးအစား** | **ကျေးရွာနှင့် အနီးပတ်ဝန်းကျင် တွင်သဘာဝအတိုင်း တွေ့ရှိနိုင်မှု** (မှန်ရာ<u>တစ်ခုကိုသာ</u> ရွေးရန်) | **အသုံးချနိုင်မှု** (မှန်ရာ<u>တစ်ခုကိုသာ</u> ရွေးရန်) |
|---|---|---|
| သတ္တုနှင့်အခြားတွင်းထွက်သယံဇာတများ (ခတ်ငွေ့၊ ရေနံ၊ ကျောက်မျက် စသည်။) | များ ☐ သင့် ☐ နည်း ☐ မရှိ Â | လွယ် ☐ ခက် ☐ အသုံးမပြုနိုင်ပါ Â |
| ကျောက်၊ သဲ၊ ကျောက်စရစ် စသည်များ | များ ☐ သင့် ☐ နည်း ☐ မရှိ Â | လွယ် ☐ ခက် ☐ အသုံးမပြုနိုင်ပါ Â |
| သဘာဝအပင်မျိုးစိတ်များ(နွှားစာ၊ ဆေးဖက်ဝင်အပင်များ) | များ ☐ သင့် ☐ နည်း Â မရှိ ☐ | လွယ် ☐ ခက် ☐ အသုံးမပြုနိုင်ပါ Â |
| သဘာဝ တိရိစ္ဆာန်မျိုးစိတ်များ | များ ☐ သင့် ☐ နည်း Â မရှိ ☐ | ☐ |

**ရင်းမြစ် ... ဦးတည်အုပ်စု ဆွေးနွေးခြင်း – ရပ်မိရပ်ဖ အုပ်စု၊ သစ်တောဦးစီးဌာန၊ အထွေထွေအုပ်ချုပ်ရေးဦးစီးဌာန။**

**လေ့လာတွေ့ရှိချက်။** ။ အစုကြီးကျေးရွာတွင် သတ္တုဆိုင်ရာသဘာဝအရင်းအမြစ်များ၊ သယံဇာတ

များထွက်ရှိမှုမရှိပါ။ သို့ရာတွင် ကျန်းမာရေးအတွက်အရေးပါသော ဆေးဘက်ဝင်အပင်နှင့် နွားစာအနည်းငယ်ပေါက်ရောက်ကြောင်း တွေ့ရှိရပါသည်။

**(ဃ) ဥစ္စာဓနအဆင့် အခြေအနေ**

**ဇယား (၆) ဥစ္စာဓနအဆင့် အခြေအနေ**

| **အကြောင်းအရာ** | **သတ်မှတ်စံနှုန်း** | | | |
|---|---|---|---|---|
| | **အဆင်ပြေသော အိမ်ထောင်စု** | **အလယ်အလတ် ရှိသောအိမ်ထောင်စု** | **ဆင်းရဲသော အိမ်ထောင်စု** | **အလွန်ဆင်းရဲသော အိမ်ထောင်စု** |
| မြေယာပိုင်ဆိုင်မှု | များ | အသင့်အတင့် | နည်း | အလွန်နည်း(သို့) မရှိ |
| အိမ်အခြေအနေ | အလွန်ကောင်း | အသင့်အတင့် ကောင်း | ညံ့ | အလွန်ညံ့ |
| ကုန်ထုတ်လုပ်မှုနှင့် ဆိုင်သောပိုင်ဆိုင်မှု | များ | အသင့်အတင့် | နည်း | မရှိ |
| အဓိကစီးပွားရေး လုပ်ငန်း | စီးပွား(ဝင်ငွေ) အလွန်ကောင်း | စီးပွား(ဝင်ငွေ) အသင့်အတင့် | စီးပွား(ဝင်ငွေ) နည်း | စီးပွား(ဝင်ငွေ) အလွန်နည်း |
| **အိမ်ထောင်စု** | **၂ ဦး** | **၁၃ ဦး** | **၃၄ ဦး** | **၃၀ ဦး** |

**ရင်းမြစ် ... (၁) ကျေးရွာလုံးကျွတ် အစည်းအဝေးပြုလုပ်ခြင်း။**

**လေ့လာတွေ့ရှိချက်။** ။ ကျေးရွာတွင် လူတန်းစားညီမျှမှုမရှိပါ။ အဆင်ပြေသောအိမ်ထောင်စုနည်း ပါးပြီး အများစုမှာမပြေလည်သောအိမ်ထောင်စုနှင့် အလွန်မပြေလည်သောအိမ်ထောင်စုများရှိကြောင်း လေ့လာတွေ့ရှိရပါသည်။

**(င) ထိခိုက်လွယ်မှု**

**(င-၁) ဝမ်းစာ ဖူလုံမှု**

**ဇယား (၇) ချေးငှားခြင်းမရှိဘဲ တစ်နေ့လျှင် အနည်းဆုံး နှစ်နပ်စားနိုင်သည့် အိမ်ထောင်စုများ (ဥစ္စာဓနအဆင့် '၃' နှင့် '၄' အိမ်ထောင်စုပေါင်း၏ ၃၀ ရာခိုင်နှုန်းစီ)**

| **အချိန်ကာလ** | **အိမ်ထောင်စု အရေအတွက်** | **ဖြေရှင်းသည့်နည်းဗျူဟာ** (ဖြေရှင်းနည်းတစ်ခုစီအလိုက် အိမ်ထောင်စုအရေအတွက်များကိုဖော်ပြရန်) |
|---|---|---|
| ၃ လအောက် ဝမ်းစာဖူလုံမှု | ၁၀ | အခြားအစာပြောင်းလဲစား = -<br>အစာလျှော့စား = -<br>အထောက်အပံ့ယူ = -<br>ချေးယူ = ၇<br>လုပ်အားခကြိုယူ = ၃ |



| **အချိန်ကာလ** | **အိမ်ထောင်စု** | **ဖြေရှင်းသည့်နည်းဗျူဟာ** (ဖြေရှင်းနည်းတစ်ခုစီအလိုက် |
|---|---|---|

| | **အရေအတွက်** | အိမ်ထောင်စုအရေအတွက်များကိုဖော်ပြရန်) |
|---|---|---|
| ၃ လနှင့်<br>၆လကြား<br>ဝမ်းစာဖူလုံမှု | ၈ | အခြားအစာပြောင်းလဲစား = -<br>အစာလျှော့စား = -<br>အထောက်အပံ့ယူ = ၃<br>ချေးယူ = ၁<br>လုပ်အားခကြိုယူ = ၄ |
| ၆လမှ<br>၁၂လအထိ<br>ဝမ်းစာဖူလုံမှု | - | အခြားအစာပြောင်းလဲစား = -<br>အစာလျှော့စား = -<br>အထောက်အပံ့ယူ = -<br>ချေးယူ = -<br>လုပ်အားခကြိုယူ = - |

**ရင်းမြစ် ... ဥစ္စာခနအဆင့် '၃' နှင့် '၄' အိမ်ထောင်စုပေါင်း၏ ၃ဝ ရာခိုင်နှုန်းစီအား စစ်တမ်းကောက်ယူ ခြင်း။**

**လေ့လာတွေ့ရှိချက်။** ။ အစုကြီးကျေးရွာ၏ ဥစ္စာခနအဆင့် (၃)နှင့် (၄) အိမ်ထောင်စုပေါင်း၏ (၃ဝရာခိုင်နှုန်း) စီအား စစ်တမ်းကောက်ယူခြင်း၏ လေ့လာတွေ့ရှိချက်အရ ဆင်းရဲသောအိမ်ထောင်စုများ၏ ဝမ်းစာဖူလုံမှုအခြေအနေအရ အလုပ်အကိုင်အခွင့်အလမ်းမရှိခြင်း၊ လုပ်သားများရှားပါးလာခြင်း တို့ကြောင့် နေ့စားကျပန်းအလုပ်ဖြင့်အသက်မွေးနေထိုင်သူများအတွက် စားဝတ်နေရေးမပြေလည်မှု များကြောင့် အထောက်အပံ့၊ ချေးယူခြင်းနှင့် လုပ်အားခကြိုတင်ယူဆောင်သုံးစွဲနေရပါကြောင်း လေ့လာ တွေ့ရှိရပါသည်။

**(င-၂) ကူညီစောင့်ရှောက်မှုအထူးလိုအပ်သော အုပ်စုများ၏ ထိခိုက်လွယ်မှုအခြေအနေ**

**ဇယား(၈) ကူညီစောင့်ရှောက်မှုအထူးလိုအပ်သော အုပ်စုများ၏ ထိခိုက်လွယ်မှုအခြေအနေ**

| **အကြောင်းအရာ** | **ကျား** | **မ** | **ပေါင်း** |
|---|---|---|---|
| မိသားစုစောင့်ရှောက်မှုမရှိသောသက်ကြီးရွယ်အို(၆၄)နှစ်နှင့်အထက် | - | - | - |
| မိသားစု/ရပ်ရွာ၏စောင့်ရှောက်မှုမရှိသော မသန်စွမ်းသည့် ပုဂ္ဂိုလ် | - | - | - |
| | **အိမ်ထောင်စုအရေအတွက်** | | |
| ဆင်းရဲ၍ မိသားစုဦးရေများသည့် အမျိုးသမီးဦးဆောင်အိမ်ထောင်စု | ၁၁ | | |
| ဆင်းရဲ၍မိသားစုဦးရေများသည့် မုဆိုးဖို/တစ်ခုလပ်အိမ်ထောင်စု | ၄ | | |



| **အကြောင်းအရာ** | **ကျား** | **မ** | **ပေါင်း** |
|---|---|---|---|

| | |
|---|---|
| အခြားဒေသသို့ ကြာမြင့်စွာသွားရောက် နေထိုင်လုပ်ကိုင်နေသည့် ဆင်းရဲသည့် အိမ်ထောင်စု | ၃ |

**ရင်းမြစ်.... ဦးတည်အုပ်စုဆွေးနွေးခြင်း– ရပ်မိရပ်ဖ အုပ်စု။**

**လေ့လာတွေ့ရှိချက်။** ။ အစုကြီးကျေးရွာတွင် မိသားစုစောင့်ရှောက်မှုမရှိသော သက်ကြီးရွယ်အိုများမရှိပါကြောင်းနှင့် မသန်စွမ်းသည့်သူများလည်းမရှိပါ။ သို့ရာတွင် ဆင်းရဲ၍မိသားစုဦးရေများသည့် အမျိုးသမီးဦးဆောင်သောအိမ်ထောင်စုနှင့် မုဆိုးဖို/တစ်ခုလပ်အနည်းငယ်ရှိပြီး၊ အခြားဒေသသို့ ကြာမြင့် စွာ သွားရောက်နေထိုင်သည့် မိသားစုအနည်းငယ်ရှိကြောင်း လေ့လာတွေ့ရှိရပါသည်။

**(င–၃) ကျေးရွာ၏ ထိခိုက်သက်ရောက်လွယ်မှု အခြေအနေ**

**ဇယား(၉) ကျေးရွာ၏ ထိခိုက်သက်ရောက်လွယ်မှု အခြေအနေ**

| **စဉ်** | **ထိခိုက်လွယ်မှု အမျိုးအစား (အခြေအနေ)** | **ထိခိုက်လွယ်မှု** (မှန်ရာတစ်ခုကိုသာ ရွေးရန်) |
|---|---|---|
| ၁ | စားနပ်ရိက္ခာမဖူလုံမှု | မြင့် ☐ လတ် ☑ နိမ့် ☐ မရှိ ☐ |
| ၂ | သဘာဝရင်းမြစ်ရှားပါးမှု(မြေ၊စိုက်ပျိုးရေ) | မြင့် ☐ လတ် ☑ နိမ့် ☐ မရှိ ☐ |
| ၃ | ရေကြီးခြင်း | မြင့် ☐ လတ် ☐ နိမ့် ☑ မရှိ ☐ |
| ၄ | မိုးခေါင်ခြင်း | မြင့် ☐ လတ် ☑ နိမ့် ☐ မရှိ ☐ |
| ၅ | အအေးလွန်ကဲခြင်း | မြင့် ☐ လတ် ☑ နိမ့် ☐ မရှိ ☐ |
| ၆ | မုန်တိုင်း | မြင့် ☐ လတ် ☐ နိမ့် ☑ မရှိ ☐ |
| ၇ | လျှော် | မြင့် ☐ လတ် ☐ နိမ့် ☑ မရှိ ☐ |
| ၈ | မီးဘေး | မြင့် ☐ လတ် ☐ နိမ့် ☐ မရှိ ☑ |
| ၉ | ဆားငန်ရေဝင်မြေ | မြင့် ☐ လတ် ☐ နိမ့် ☐ မရှိ ☑ |
| ၁၀ | မြေပြိုခြင်း၊ မြေဆီလွှာပျက်ယွင်းမှု | မြင့် ☐ လတ် ☐ နိမ့် ☑ မရှိ ☐ |
| ၁၁ | သစ်တောပြုန်းတီးခြင်း | မြင့် ☐ လတ် ☐ နိမ့် ☐ မရှိ ☑ |
| ၁၂ | ငှက်ဖျားရောဂါ | မြင့် ☐ လတ် ☐ နိမ့် ☑ မရှိ ☐ |
| ၁၃ | တီဘီရောဂါ | မြင့် ☐ လတ် ☐ နိမ့် ☑ မရှိ ☐ |



| **စဉ်** | **ထိခိုက်လွယ်မှု အမျိုးအစား (အခြေအနေ)** | **ထိခိုက်လွယ်မှု** (မှန်ရာတစ်ခုကိုသာ ရွေးရန်) |
|---|---|---|

| | | |
|---|---|---|
| ၁၄ | ကိုယ်ခံအားကျဆင်းမှုရောဂါ | မြင့် □ လတ် □ နိမ့် □ မရှိ Â |
| ၁၅ | ပြည်တွင်းပဋိပက္ခ | မြင့် □ လတ် □ နိမ့် □ မရှိ Â |
| ၁၆ | တိရိစ္ဆာန်ကူးဆက်ရောဂါကျရောက်မှု | မြင့် □ လတ် □ နိမ့် □ မရှိ Â |
| ၁၇ | လူကုန်ကူးခြင်း | မြင့် □ လတ် □ နိမ့် □ မရှိ Â |
| ၁၈ | ဝေးလံခေါင်သီ/လမ်းပန်းဆက်သွယ်ရေး ခက်ခဲစသည် | မြင့် □ လတ် Â နိမ့် □ မရှိ □ |

**ရင်းမြစ် ... ဦးတည်အုပ်စု ဆွေးနွေးခြင်း– ရပ်မိရပ်ဖ အုပ်စု။**

**လေ့လာတွေ့ရှိချက်။** ။ အစုကြီးကျေးရွာ၏ထိခိုက်သက်ရောက်မှုအခြေအနေအရ ကျေးရွာအတွက် ထိရောက်မှုနိမ့်သော်လည်း စိုက်ပျိုးရေးအတွက်လုံလောက်မှုနိမ့်ပါးကြောင်း၊ မိုးတွင်းကာလရေကြီး သောအချိန်တွင် စိုက်ပျိုးသီးနှံများပျက်စီးဆုံးရှုံးမှုများကြောင်း လေ့လာတွေ့ရှိရပါသည်။

**(င–၄) ထိခိုက်သက်ရောက်မှု ခံရနိုင်သည့်သူများ**

**ဇယား (၁၀) ထိခိုက်သက်ရောက်မှု ခံရနိုင်သည့်သူများ**

| **စဉ်** | **ထိခိုက်သက်ရောက်မှု ခံရနိုင်သည့်သူများ** | **ထိခိုက်လွယ်မှု** (မှန်ရာတစ်ခုကိုသာရွေးရန်) |
|---|---|---|
| ၁ | လူငယ် | မြင့် □ လတ် □ နိမ့် □ မရှိ □ Â |
| ၂ | အမျိုးသမီးဦးဆောင်သည့်ဆင်းရဲသည့်အိမ်ထောင်စု | မြင့် □ လတ် □ နိမ့် Â မရှိ □ |
| ၃ | ဆင်းရဲသောတောင်သူ | မြင့် □ လတ် □ နိမ့် Â မရှိ □ |
| ၄ | သဘာဝဘေးဒဏ်ဆိုးရွားစွာ ကျရောက်နိုင်သော အိမ်ထောင်စု/ကူးဆက်ရောဂါထူပြောသောဒေသတွင် နေထိုင်သူ | မြင့် □ လတ် □ နိမ့် □ မရှိ □ Â |
| ၅ | ပင်လယ်/မြစ်ကမ်းဘေးနေထိုင်သူများ | မြင့် □ လတ် □ နိမ့် □ မရှိ □ Â |
| ၆ | မတော်တဆမှု ဖြစ်နိုင်ခြေများသောနေရာ (Prone to accident) တွင်နေထိုင်သူများ | မြင့် □ လတ် □ နိမ့် □ မရှိ □ Â |

| စဉ် | ထိခိုက်သက်ရောက်မှု ခံရနိုင်သည့်သူများ | ထိခိုက်လွယ်မှု (မှန်ရာတစ်ခုကိုသာရွေးရန်) |
|---|---|---|
| ၇ | ပြည်တွင်းနေရပ် စွန့်ခွာရွှေ့ပြောင်းခံရသူများ(IDP) | မြင့် ☐ လတ် ☐ နိမ့် ☐ မရှိ ☐ Â |
| ၈ | မြေနိမ့်ပိုင်းနေထိုင်သူများ | မြင့် ☐ လတ် ☐ နိမ့် ☐ မရှိ ☐ Â |
| ၉ | ငါးကန်ပိုင်ရှင်များ | မြင့် ☐ လတ် ☐ နိမ့် ☐ မရှိ ☐ Â |
| ၁၀ | လက်လုပ်လက်စားများ၊ ကျပန်းများ | မြင့် ☐ လတ် ☐ နိမ့် A မရှိ ☐ |
| ၁၁ | လူနည်းစုလူမျိုးများ | မြင့် ☐ လတ် ☐ နိမ့် A မရှိ ☐ |
| ၁၂ | ဒေသတွင်းပဋိပက္ခ ဇရိယာတွင်နေထိုင်သူများ | မြင့် ☐ လတ် ☐ နိမ့် ☐ မရှိ ☐ Â |
| ၁၃ | နယ်စပ်ဒေသတွင် နေထိုင်သူများ | မြင့် ☐ လတ် ☐ နိမ့် ☐ မရှိ ☐ Â |
| ၁၄ | ရွှေတွင်းလုပ်သားများ | မြင့် ☐ လတ် ☐ နိမ့် ☐ မရှိ ☐ Â |
| ၁၅ | လှည့်လည်သွားလာ၍ ဈေးရောင်းသူများ | မြင့် ☐ လတ် ☐ နိမ့် A မရှိ ☐ |
| ၁၆ | နေရပ်ပြန်အခြေချသူများ | မြင့် ☐ လတ် ☐ နိမ့် A မရှိ ☐ |
| ၁၇ | ရွှေ့ပြောင်းလုပ်သားများ | မြင့် ☐ လတ် ☐ နိမ့် A မရှိ ☐ |
| ၁၈ | ကားမောင်းပြီးအသက်မွေးသူများ | မြင့် ☐ လတ် ☐ နိမ့် ☐ မရှိ ☐ Â |

**ရင်းမြစ် ... ဦးတည်အုပ်စု ဆွေးနွေးခြင်း- ရပ်မိရပ်ဖ အုပ်စု။**

**မှတ်ချက်။ ။ ထိခိုက်နိုင်မှုအန္တရာယ် နိမ့်၊ လတ်၊ မြင့် သတ်မှတ်ရာတွင် ပထမဦးစွာ မိမိကျေးရွာတွင် ထိခိုက်မှုခံရနိုင်သည့်သူများ သတ်မှတ်ပါ၊ ထို့နောက် ၎င်း ပုဂ္ဂိုလ်များအလိုက် ထိခိုက်နိုင်သည့်အန္တရာယ် အမျိုးအစားဖော်ပြ၍ နိမ့်၊ လတ်၊ မြင့် သတ်မှတ်ရန်ဖြစ်သည်။**

**လေ့လာတွေ့ရှိချက်။ ။** ကျေးရွာ၏အနေအထားအရ ထိခိုက်သက်ရောက်မှုခံရနိုင်သည့်သူများအသင့် အတင့်ရှိပါသော်လည်း နေ့စား၊ ကျပန်းသမားများအတွက် ထိခိုက်လွယ်မှုမြင့်မားကြောင်း လေ့လာ တွေ့ရှိရပါသည်။



**(၂) ကျေးရွာ၏ လက်ရှိဖွံ့ဖြိုးရေးအခြေအနေ**

**(က) ဖွံ့ဖြိုးရေးအဖွဲ့အစည်းများအခြေအနေ**

**(က-၁) ကျေးရွာအတွင်းရှိလူထုအခြေပြုအဖွဲ့အစည်းများ**

**ဇယား (၁၁) ကျေးရွာအတွင်းရှိ လူထုအခြေပြုအဖွဲ့အစည်းများ**

| စဉ် | အဖွဲ့အစည်းအမည် | အမျိုးအစား (မှန်ရာတစ်ခုကိုသာရွေးရန်) | အဖွဲ့ဝင်ဦးရေ | | | လုပ်ငန်းတာဝန် (အနည်းဆုံးတစ်ခုနှင့်အထက် ရွေးနိုင်သည်) | စွမ်းဆောင်နိုင်မှု (မှန်ရာတစ်ခု ကိုသာ ရွေးရန်) |
|---|---|---|---|---|---|---|---|
| | | | ကျား | မ | ပေါင်း | | |
| ၁ | | ၁▢ ၂▢ ၃▢ | | | | ပညာရေး ▢ ငွေကြေး ▢<br>ကျန်းမာရေး ▢ ဘာသာရေး ▢<br>စိုက်ပျိုးမွေးမြူရေး ▢<br>သာရေး/နာရေး၊<br>လူမှုဖွံ့ဖြိုးရေး ▢<br>လုံခြုံရေးနှင့်ကာကွယ်ရေး ▢ | ကောင်း ▢<br>သင့် ▢<br>ညံ့ ▢ |
| ၂ | | ၁▢ ၂▢ ၃▢ | | | | ပညာရေး ▢ ငွေကြေး ▢<br>ကျန်းမာရေး ▢ ဘာသာရေး ▢<br>စိုက်ပျိုးမွေးမြူရေး ▢<br>သာရေး/နာရေး၊လူမှုဖွံ့ဖြိုးရေး▢<br>လုံခြုံရေးနှင့်ကာကွယ်ရေး ▢ | ကောင်း ▢<br>သင့် ▢<br>ညံ့ ▢ |

| | | | | | | | |
|---|---|---|---|---|---|---|---|
| ၃ | | ၁□ ၂□ ၃□ | | | | ပညာရေး □ ငွေကြေး □<br>ကျန်းမာရေး □ ဘာသာရေး □<br>စိုက်ပျိုးမွေးမြူရေး □<br>သာရေး/နာရေး၊လူမှုဖွံ့ဖြိုးရေး□<br>လုံခြုံရေးနှင့်ကာကွယ်ရေး □ | ကောင်း □<br>သင့် □<br>ညံ့ □ |

**ရင်းမြစ် ... ဦးတည်အုပ်စုဆွေးနွေးခြင်း- ရပ်မိရပ်ဖအုပ်စု၊ အမျိုးသမီးအုပ်စု။**

**အုပ်စုအမျိုးအစား**

**(၁) စီးပွားရေးအခြေခံသောအုပ်စု- လယ်သမားအဖွဲ့၊ ငွေစုငွေချေးအဖွဲ့ စသည့်။**

**(၂) လူမှုရေးအဖွဲ့ - ဥပမာ - အမျိုးသမီးအဖွဲ့၊ လူငယ်အဖွဲ့၊ ကိုယ်ထူကိုယ်ထအဖွဲ့။**

၁၄

**(၃) ဘာသာရေးနှင့် ယဉ်ကျေးမှုအဖွဲ့။**

**လေ့လာတွေ့ရှိချက်။** ။ အစုကြီးကျေးရွာတွင် လူထုအခြေပြုအဖွဲ့အစည်းမရှိကြောင်း တွေ့ရှိရပါ သည်။

**(က-၂) ကျေးရွာဖွံ့ဖြိုးရေးဆောင်ရွက်နေသော ပြင်ပအဖွဲ့အစည်းများ**

**ဇယား (၁၂) ကျေးရွာဖွံ့ဖြိုးရေးဆောင်ရွက်နေသော ပြင်ပအဖွဲ့အစည်းများ**

| **စဉ်** | **အမည်** | **အဖွဲ့အစည်းအမျိုးအစား**<br>(မှန်ရာတစ်ခုကိုသာရွေးရန်) | **အဖွဲ့အစည်း၏လုပ်ငန်းတာဝန်များနှင့်အစီအစဉ်**<br>(အနည်းဆုံးတစ်ခုနှင့်အထက်ရွေးနိုင်သည်) |
|---|---|---|---|
| ၁ | World Vision | ၁□ ၂ Â၃□ ၄□ ၅ □၆ □၇□ | ပညာရေး □ ငွေကြေး A<br>ကျန်းမာရေး □ ဘာသာရေး □<br>စိုက်ပျိုးမွေးမြူရေး □<br>သာရေး/နာရေး၊လူမှုဖွံ့ဖြိုးရေး □ |
| ၂ | Pack Myanmar | ၁□ ၂ Â၃□ ၄□ ၅ □၆ □၇□ | ပညာရေး □ ငွေကြေး A<br>ကျန်းမာရေး □ ဘာသာရေး □<br>စိုက်ပျိုးမွေးမြူရေး □<br>သာရေး/နာရေး၊လူမှုဖွံ့ဖြိုးရေး □ |

| | | | |
|---|---|---|---|
| ၃ | စထာပါနာ | ၁□၂ Â၃□ ၄□ ၅ □၆ □၇□ | ပညာရေး □ ငွေကြေး A<br>ကျန်းမာရေး □ ဘာသာရေး □<br>စိုက်ပျိုးမွေးမြူရေး □<br>သာရေး/နာရေး၊လူမှုဖွံ့ဖြိုးရေး □ |

**ရင်းမြစ်…ဦးတည်အုပ်စုဆွေးနွေးခြင်း– ရပ်မိရပ်ဖအုပ်စု။**

**မှတ်ချက်။**

**(၁) ဘာသာရေးနှင့်ပတ်သက်သောအဖွဲ့အစည်း (ပြည်တွင်း/ ပြည်ပ) (ဥပမာ– မေတ္တစကူးလ်ဖောင်ဒေး ရှင်း၊ Christian Aid Missions စသည်)**

**(၂) အစိုးရမဟုတ်သောအဖွဲ့အစည်း(ပြည်တွင်း/ ပြည်ပ) ( ဥပမာ– Care International, Save the**

**Children, Gret, Pact Myanmar စသည်)**

**၁၅**

**(၃) အရပ်ဘက်လူမှုအဖွဲ့အစည်း**

**(၄) နိုင်ငံအများ၏ ရန်ပုံငွေဖြင့်ဆောင်ရွက်သောဖွံ့ဖြိုးရေးအဖွဲ့အစည်းများ (ဥပမာ– ကုလသမဂ္ဂအဖွဲ့၊ ကမ္ဘာ့ဘဏ်၊ အာရှဖွံ့ဖြိုးရေးဘဏ်)**

**(၅) နိုင်ငံတစ်ခု၏ ရန်ပုံငွေဖြင့် ဖွဲ့စည်းထားသော ဖွံ့ဖြိုးရေးအဖွဲ့အစည်းများ(ဥပမာ–GIZ, UK Aid, US Aid, စသည်)**

**(၆) ပရဟိတအဖွဲ့ (ပြည်တွင်း/ ပြည်ပ)**

**(၇) ပုဂ္ဂလိကအဖွဲ့အစည်းများ**

**နိုင်ငံတော်မှ ဒေသအကျိုး၊ ပြည်သူ့အကျိုးကို ထိရောက်စွာထမ်းဆောင်နိုင်စေရန် အလို့ငှာ ဥပဒေ၊ နည်းဥပဒေ၊ လမ်းညွှန်ချက်များဖြင့် ပြဋ္ဌာန်းကာ ဖွဲ့စည်းပေးထားနေသော အဖွဲ့အစည်း၊ အသင်းအဖွဲ့များ(ဥပမာ–သမဝါယမဦးစီးဌာန၏ သမဝါယမအသင်း၊ ကျေးလက်ဒေသဖွံ့ဖြိုးတိုးတက်ရေးဦးစီး ဌာန၏မြစိမ်းရောင်စသည်) တို့ကို ဤဇယားတွင် <u>ထည့်သွင်းဖော်ပြခြင်းမပြုပါရန်။</u>**

**လေ့လာတွေ့ရှိချက်။ ။** အစုကြီးကျေးရွာတွင် ပြင်ပအဖွဲ့အစည်းများအနေဖြင့် ကျေးရွာအတွက်လို အပ်သော ငွေကြေး၊ လူမှုဖွံ့ဖြိုးရေးကိစ္စများကို ကူညီဆောင်ရွက်ပေးကြောင်း တွေ့ရှိရပါသည်။

**(ခ) စီးပွားရေးနှင့်အသက်မွေးမှု အခြေအနေ**

**(ခ–၁) သီးနှံထုတ်လုပ်ရေး**

**(၁) စိုက်ပျိုးမြေပိုင်ဆိုင်မှု**

**ဇယား (၁၃) ကျေးရွာ၏စိုက်ပျိုးမြေပိုင်ဆိုင်မှု၊ မြေယာပိုင်ဆိုင်သည့်အိမ်ထောင်စု**

| စဉ် | မြေပိုင်ဆိုင်မှုအရွယ်အစား | အိမ်ထောင်စုအရေအတွက် | ဖွံ့ဖြိုးရေးအမြင်သတ်မှတ်ချက် |
|---|---|---|---|
| ၁ | မြေယာမဲ့ | ၄၅ | မြေမဲ့ယာမဲ့ |
| ၂ | ၂.၅ကေအောက် | ၈ | ဆင်းရဲသားတောင်သူ |
| ၃ | ၂.၅ကေမှ၅ကေကြား | ၁၅ | တောင်သူငယ် |
| ၄ | ၅ကေမှ၁၂.၅ကေကြား | ၉ | တောင်သူလတ် |
| ၅ | ၁၂.၅ကေအထက် | ၂ | တောင်သူကြီး |
| **ကျေးရွာရှိအိမ်ထောင်စု စုစုပေါင်း** | | **၇၉** | ☐ |

**၁၆**

**ရင်းမြစ် ... (၁) အိမ်ထောင်စုစာရင်းကောက်ယူမှု၊ (၂) ကျေးရွာအုပ်စု အုပ်ချုပ်ရေးမှူးရုံး။**

**လေ့လာတွေ့ရှိချက်။** ။ အစုကြီးကျေးရွာတွင် မြေယာမဲ့နှင့် ဆင်းရဲသားတောာင်သူ အများဆုံးရှိ ပြီး လယ်သမားများအတွက် လိုအပ်သော နှစ်ရှည်ချေးငွေထောက်ပံ့မှုများကို ရရှိစေကြောင်း လေ့လာ တွေ့ရှိရပါသည်။

**(၂) အစိုးရနှင့်ပုဂ္ဂလိကရေအရင်းအမြစ်များမှ ရေသွင်းနိုင်သည့်ဧရိယာ**

**ဇယား (၁၄) ကျေးရွာ၏ရေအရင်းအမြစ်နှင့်ရေသွင်းဧရိယာ**

| စဉ် | ရင်းမြစ် | ရေသောက် (ဧက) | ရရှိနိုင်မှု | |
|---|---|---|---|---|
| | | | **တစ်နှစ်ပတ်လုံး/ရာသီအလိုက်** (မှန်ရာ<u>တစ်ခုကိုသာ</u>ရွေးရန်) | **လုံလောက်မှု (ရှိ/မရှိ)** (မှန်ရာ<u>တစ်ခုကိုသာ</u>ရွေးရန်) |
| ၁ | ဆည် | - | တစ်နှစ်ပတ်လုံး ☐ ရာသီအလိုက် ☐ | ရှိ ☐ မရှိ ☐ |
| ၂ | ရေလွှဲဆည် | - | တစ်နှစ်ပတ်လုံး ☐ ရာသီအလိုက် ☐ | ရှိ ☐ မရှိ ☐ |
| ၃ | မြစ်ရေတင် စီမံကိန်း | - | တစ်နှစ်ပတ်လုံး ☐ ရာသီအလိုက် ☐ | ရှိ ☐ မရှိ ☐ |
| ၄ | ရေသွင်း မြောင်း | - | တစ်နှစ်ပတ်လုံး ☐ ရာသီအလိုက် ☐ | ရှိ ☐ မရှိ ☐ |
| ၅ | အဝီစိတွင်း | - | တစ်နှစ်ပတ်လုံး ☐ ရာသီအလိုက် ☐ | ရှိ ☐ မရှိ ☐ |

| | | | | |
|---|---|---|---|---|
| ၆ | လက်ငင်ရေတွင်း | - | တစ်နှစ်ပတ်လုံး ☐ ရာသီအလိုက် ☐ | ရှိ ☐ မရှိ ☐ |
| ၇ | စိမ့်စမ်းရေ | - | တစ်နှစ်ပတ်လုံး ☐ ရာသီအလိုက် ☐ | ရှိ ☐ မရှိ ☐ |
| ၈ | ချောင်းရေ | ၂၅၅ | တစ်နှစ်ပတ်လုံး ☐ ရာသီအလိုက် A | ရှိ A မရှိ ☐ |

**ရင်းမြစ် ... (၁) ဦးတည်အုပ်စုဆွေးနွေးခြင်း- လယ်သမားအုပ်စု၊ (၂) ဆည်မြောင်းဦးစီးဌာန၊ စိုက်ပျိုးရေး ဦးစီးဌာန။**

လေ့လာတွေ့ရှိချက်။ ။ အစုကြီးကျေးရွာတွင် ချောင်းရေကိုသာအဓိကထားဆောင်ရွက်နေကြပြီး၊ နွေစပါးအတွက်ချောင်းရေရေသွင်းစိုက်ပျိုးကြကြောင်း လေ့လာတွေ့ရှိရပါသည်။

၁၇

**(၃) အဓိကသီးနှံများနှင့်အထွက်နှုန်း**

**ဇယား(၁၅) အဓိကသီးနှံများနှင့်အထွက်နှုန်း**

| **သီးနှံ** | **စုစုပေါင်းစိုက်ဧက** | **တစ်ဧက အထွက်နှုန်း** | | | | **သီးနှံစိုက်ပျိုးသည့် ကာလ** | | **သွင်းအားစုလိုအပ်ချက်** (မှန်ရာတစ်ခုကိုသာရွေးရန်) | **အမြတ်ရရှိနိုင်မှု** (မှန်ရာတစ်ခုကိုသာရွေးရန်) |
|---|---|---|---|---|---|---|---|---|---|
| | | **ယူနစ်** | **အနည်းဆုံး** | **အများဆုံး** | **ပျမ်းမျှ** | **မှ** | **ထိ** | | |
| မိုးစပါး | ၂၅၅ | တင်း | ၅၀ | ၈၀ | ၆၅ | ဇူလိုင် | နိုဝင်ဘာ | မြင့် ☐ လတ် A နိမ့် ☐ | မြင့် ☐ လတ် A နိမ့် ☐ |
| ပဲ | ၁၀၁ | တင်း | ၁၀ | ၂၀ | ၁၅ | ဒီဇင်ဘာ | မတ် | မြင့် ☐ လတ် A နိမ့် ☐ | မြင့် ☐ လတ် A နိမ့် ☐ |
| နွေစပါး | ၁၅၄ | တင်း | ၇၀ | ၁၀၀ | ၈၅ | ဒီဇင်ဘာ | ဧပြီ | မြင့် ☐ လတ် A နိမ့် ☐ | မြင့် ☐ လတ် A နိမ့် ☐ |

**ရင်းမြစ်... ဦးတည်အုပ်စု ဆွေးနွေးခြင်း- လယ်သမားအုပ်စု။**

**လေ့လာတွေ့ရှိချက်။** ။ အစုကြီးကျေးရွာတွင် အဓိကသီးနှံများဖြစ်သော နွေစပါး၊ မိုစပါးနှင့် ပဲကို စိုက်ပျိုးကြပြီး နွေစပါး (၁)ဧက ပျှမ်းမျှအထွက်နှုန်းမှာ (၈၅)၊ မိုစပါး (၆၅) နှင့် ပဲပျှမ်းမျှအထွက်နှုန်းမှာ (၁၅) တင်းဖြစ်သောကြောင့် သွင်းအားစုလိုအပ်ချက်မှာလတ်၍ အမြတ်ရရှိမှုမှာနည်းကြောင်း လေ့လာ တွေ့ရှိရပါသည်။

**(၄) လယ်ယာသုံးစက်ကိရိယာများ**

**ဇယား (၁၆)   ကျေးရွာ၏ စိုက်ပျိုးရေးသုံး ကိရိယာများ ပိုင်ဆိုင်မှု**

| စက်အမျိုးအစား | တစ်ဦးချင်းပိုင် | ရွာပိုင် | အဖွဲ့ပိုင် | ငှားရမ်းလုပ်ကိုင်နေသော တောင်သူအရေအတွက် |
|---|---|---|---|---|
| ထွန်စက် | - | - | - | ၃၀ |
| လက်တွန်းထွန်စက် | ၂၁ | - | - | ၁၄ |
| အစေ့ချကိရိယာ | - | - | - | - |
| ရိတ်သိမ်းခြွေလှေ့စက် | - | - | - | ၂၉ |
| ရိတ်သိမ်းစက် | ၁ | - | - | - |
| ခြွေလှေ့စက် | ၈ | - | - | ၁၇ |
| ရေစုပ်စက် | ၄၆ | - | - | ၃ |
| ခြေနင်းရေတင်စက် | - | - | - | - |
| မြက်ရိတ်စက် | ၃ | - | - | - |



**ရင်းမြစ်... (၁) အိမ်ထောင်စုစာရင်း ကောက်ယူမှု၊ (၂) ဦးတည်အုပ်စုဆွေးနွေးခြင်း-လယ်သမားအုပ်စု။**

**လေ့လာတွေ့ရှိချက်။** ။ အစုကြီးကျေးရွာတွင် လယ်ယာသုံးစက်ကိရိယာများနှင့် ကျေးရွာ၏ စိုက်ပျိုး ရေးသုံးကိရိယာများပိုင်ဆိုင်မှုနည်းပါးသောကြောင့် လယ်ယာလုပ်ငန်းတွင် အဆင်ပြေမှုများ နှောင့်နှေး ကြန့်ကြာမှုများရှိပါကြောင်း လေ့လာတွေ့ရှိရပါသည်။

**(၅) သီးနှံအထွက်နှုန်းတိုးစေရန်အတွက် အခွင့်အလမ်းများ**

**ဇယား (၁၇) သီးနှံအထွက်နှုန်း တိုးစေရန်အတွက် အခွင့်အလမ်းများ**

| **အခွင့်အလမ်း** | **ဖော်ပြချက်/ရှင်းလင်းချက်**<br>(မှန်ရာတစ်ခုကိုသာရွေးရန်။ ဇယား ၁၇ နှင့် ၁၈ ကို ချိတ်ဆက်စစ်ဆေးပြီးမှ ဖြေဆိုရန်။ |
|---|---|
| သဘာဝရေမြေရာသီဥတုအနေအထား | အလွန်ကောင်း☐ ကောင်း ☐ သင့်တင့်မျှတ Â |

| | |
|---|---|
| လယ်ယာမြေအသုံးချနိုင်မှု | အလွန်ကောင်း□ ကောင်း □ သင့်တင့်မျှတ Â |
| စိုက်ပျိုးရေးအရင်းအမြစ် | ပေါ်များ □ အသင့်အတင့်ရှိ Â |
| ချေးငွေနှင့်ငွေကြေးဝန်ဆောင်မှု | အလွယ်တကူရသည် □ ရသည် Â |
| သီးနှံမျိုးစေ့ရရှိနိုင်မှု | မျိုးကောင်းမျိုးသန့်များကို လွယ်ကူစွာဝယ်ယူနိုင်သည် □<br>သီးနှံမျိုးစေ့များ ဝယ်ယူရရှိနိုင်သည် Â |

**၁၉**

| **အခွင့်အလမ်း** | **ဖော်ပြချက်/ရှင်းလင်းချက်**<br>(<u>မှန်ရာတစ်ခုကိုသာ</u>ရွေးရန်။ ဇယား ၁၇ နှင့် ၁၈ ကို ချိတ်ဆက်စစ်ဆေးပြီးမှ ဖြေဆိုရန်။ |
|---|---|
| သဘာဝမြေဆွေး/ဩော်ဂဲနစ်မြေဩဇာနှင့်အခြားဩော်ဂဲနစ်သွင်းအားအုပ်စုများ | လွယ်ကူစွာဝယ်ယူ/ရနိုင်သည် □ ဝယ်ယူရရှိနိုင်သည် □<br>မဖြေဆိုပါ □ |
| ဓါတုပိုးသတ်ဆေး၊ ဓါတ်မြေဩဇာနှင့် အခြားဓါတုဗေဒသွင်းအားစုများ | လွယ်ကူစွာဝယ်ယူ/ရနိုင်သည် □ ဝယ်ယူရနိုင်သည် Â |
| လုပ်သားရရှိနိုင်မှု | အလွယ်တကူရနိုင်သည် □ ရနိုင်သည် □ |
| နည်းပညာဝန်ဆောင်မှုများ | အလွယ်တကူရသည် □ ရနိုင်သည် Â |
| သီးနှံဈေးကွက်နှင့်ကုန်သွယ်မှု | သီးနှံများကိုလွယ်ကူစွာနှင့်ဈေးနှုန်းမှန်ကန်စွာဖြင့်ရောင်းချနိုင်သည် □ သီးနှံများကိုရောင်းချနိုင်သည် Â |

**ရင်းမြစ်... (၁) ဦးတည်အုပ်စုဆွေးနွေးခြင်း– လယ်သမားအုပ်စု၊ (၂) သက်ဆိုင်ရာမြို့နယ်အစိုးရဦးစီးဌာနများ။**

လေ့လာတွေ့ရှိချက်။ ။ ကျေးရွာပိုင်လယ်ယာမြေအတွက် သီးနှံအထွက်နှုန်းတိုးစေရန် ရေမြေအ နေအထားကောင်းသော်လည်း မြေဆီလွှာများပျက်စီးခြင်းအပေါ် သွင်းအားစုများပြန်လည်ဖြည့်တင်းမှု အား တောင်သူများအတွက်အသိပညာပေးဆွေးနွေးပွဲများ ဆောင်ရွက်သင့်ပါကြောင်း လေ့လာတွေ့ရှိရ ပါသည်။

**(၆) သီးနှံထုတ်လုပ်မှုအတွက် ပြဿနာနှင့်အခက်အခဲများ**

**ဇယား (၁၈) သီးနှံထုတ်လုပ်မှုအတွက် ပြဿနာနှင့်အခက်အခဲများ**

